# မြန်မာ့ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်၊ စနေနေ့။ Saturday, 15 July 2023 ၁၁၁၅၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်



နေပြည်တော် ဇူလိုင် ၁၄

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ် အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၃ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

### ယနေ့ ဖတ်စရာ

**ရခိုင်ပြည်နယ်ရှိ မြို့နယ်များကို သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသဖြစ်ကြောင်း ဒုတိယအကြိမ် ကြေညာ**

စာမျက်နှာ » ၃

**ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ရည်မှန်းချက်များ အောင်မြင်ရေး ပြည်သူအားလုံး၏ လိုက်နာပူးပေါင်း ဆောင်ရွက်မှုသည် အရေးကြီး**

စာမျက်နှာ » ၄

**ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း နိုင်ငံတော်ဓာတ်အားစနစ်သို့ စတင်ထုတ်လုပ်ပို့လွှတ်ခြင်းနှင့် မြန်မာနိုင်ငံလျှပ်စစ်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေး ဆောင်ရွက်ချက်များ**

ဆောင်းပါး စာမျက်နှာ » ၆




ကြေးမုံ

# ကုန်ထုတ်လုပ်မှုတိုးတက်အောင်ကြိုးပမ်း

“ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် ကုန်ဈေးနှုန်းများ မြင့်မားလာခဲ့ကြောင်း၊ ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတခြင်းနှင့် ကုန်ထုတ်လုပ်မှု စရိတ်ကြီးမြင့်ခြင်းများကြောင့်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုစရိတ်ကြီးမြင့်ရခြင်းမှာ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်နိုင်ကြောင်း၊ သို့သော် ထုတ်လုပ်မှုနှင့် စားသောက်မှုမမျှတခြင်းကို မိမိတို့အနေဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၃)တွင် ပြောကြားခဲ့သည်။

ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရာ၌ စက်ရုံ၊ အလုပ်ရုံများကို အပြည့်အဝလည်ပတ်နိုင်ရန်လိုအပ်သည်။ ယခုအခါ အစိုးရစက်ရုံများ အကြောင်းအမျိုးမျိုးကြောင့် လည်ပတ်နိုင်မှုမရှိခြင်းနှင့် ပုဂ္ဂလိကကုန်ထုတ်လုပ်ငန်းများ အပြည့်အဝမလည်ပတ်နိုင်ခြင်းတို့ကြောင့် ထုတ်ကုန်များနည်းပါးနေခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိထားသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ အပြည့်အဝလည်ပတ်နိုင်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာရေးတို့ကို တွန်းအားပေးဆောင်ရွက်နေသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှု ၃ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း ထုတ်ပြန်ထားသည့် မှတ်တမ်းများအရ သိရသည်။ စီးပွားရေးအနုတ်ပြသည့်အခြေအနေမှ အပေါင်းဖြစ်အောင် အထိုက်အလျောက်တိုးတက်လာသည်။ သို့သော် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် စနစ်တကျဖြင့် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များရှိနေသေးသည်။

နိုင်ငံတကာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သမားရိုးကျလုပ်ကိုင်ဆောင်ရွက်ခြင်းမရှိဘဲ ခေတ်မီနည်းဖြင့် စနစ်တကျလုပ်ကိုင်ကြသောကြောင့် အောင်မြင်တိုးတက်လျက်ရှိသည်။ ယင်းကို လေ့လာအတုယူ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်လိုသည်။ သာဓကအားဖြင့် သီးနှံထွက်ကုန်များထွက်ရှိနိုင်မှု မကွာခြားသော်လည်း အရည်အသွေး၊ အရေအတွက်ကွာခြားနေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် အလားတူထွက်ရှိသော အခြားနိုင်ငံမှ အသီးအနှံများမှာ ပိုမိုဈေးကွက်ဝင်နေသည်ကို သတိပြုရမည်ဖြစ်သည်။ မွေးမြူရေးကဏ္ဍတွင် မွေးမြူရေးအစားအစာကုန်ကြမ်းများ အလုံအလောက်ရှိသော်လည်း အားဖြည့်အစားအစာများကို ပြည်ပမှ တင်သွင်းနေရသည်။

မြန်မာနိုင်ငံတွင် တိရစ္ဆာန်သဘာဝအစားအစာများ အလုံအလောက်ရှိပြီး မြက်စိုက်ပျိုးနိုင်သည့်မြေများလည်း များစွာရှိသည်။ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစိုက်ပျိုးမွေးမြူရေးနည်းစနစ်များကို လေ့လာ၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးလုပ်ဆောင်ကြရန်၊ ထိုကဲ့သို့တီထွင်ကြံဆလုပ်ကိုင်ခြင်းမရှိသောကြောင့် မိမိတို့နိုင်ငံတွင် ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတဘဲ ကုန်ဈေးနှုန်းများကြီးမြင့်နေရခြင်း၊ စားသုံးမှုနှင့် ထုတ်လုပ်မှု မျှခြေရှိမည်ဆိုပါက ထိုက်သင့်သည့်ဈေးနှုန်းများဖြင့် ရောင်းချနိုင်ခြင်း၊ မွေးမြူရေးလုပ်ငန်းများကို အားထည့်ဆောင်ရွက်ပြီး အထွက်နှုန်းကောင်းအောင် ဆောင်ရွက်မည်ဆိုပါက ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ခြင်း၊ အသား၊ ငါးဈေးနှုန်းများ ကျဆင်းရေးသည် မိမိတို့အစိုးရ၏ ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စတစ်ရပ်ဖြစ်ခြင်းတို့ကို နိုင်ငံတော်အကြီးအကဲက အသိပေးပြောကြားထားသည်။

စိုက်ပျိုးမွေးမြူရေးထွက်ကုန်များနှင့် ထုတ်ကုန်များကို ထုတ်လုပ်ရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဖူလုံရေးအတွက်သာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်များနှင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်လိုသည်။ ထိုမှတစ်ဆင့် ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်သည်။ ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ပါက နိုင်ငံခြားငွေများရရှိလာပြီး နိုင်ငံ့စီးပွားမြင့်မားလာမည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ရေးနှင့် တစ်ဧကအထွက်နှုန်းများတိုးတက်ပြီး ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ ထုတ်ကုန်များ ပြည့်ဝစွာထုတ်လုပ်နိုင်ရေးနှင့် စွမ်းအားပြည့်လည်ပတ်နိုင်ရေးတို့အတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စွမ်းအားပြည့်ဆောင်ရွက်ပြီး ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ပါက တိုင်းပြည်ဝင်ငွေ တိုးတက်ရရှိလာမည့်အပြင် နိုင်ငံခြားငွေလိုအပ်ချက်ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်၍ ကုန်ထုတ်လုပ်မှုတိုးတက်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိ ပညာရေးဒီဂရီကောလိပ်များတွင် အာဇာနည်နေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်၌ ယနေ့နံနက် ၁၀ နာရီက စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပသည်။



အဆိုပါပြိုင်ပွဲကို လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်းမှ သင်တန်းသား သင်တန်းသူ ၄၂ ဦးနှင့် ပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူ ၇၀ စုစုပေါင်း ၁၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကျုံပျော်မြို့၌ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲပြုလုပ်

ကျုံပျော် ဇူလိုင် ၁၄

ကျောင်းသားလူငယ်များ အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို မှတ်သားသိရှိနိုင်စေရန်အတွက် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကို ဧရာဝတီတိုင်းဒေသကြီး



ကျုံပျော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းအောင်ဆန်းခန်းမ၌ ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက ပြုလုပ်သည်။

ဟောပြောပွဲသို့ ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး စာရေးဆရာ ဆောင်းနတ်သျှင် (ပညာရေး) က ဗိုလ်ချုပ်သာ မကျဆုံးခဲ့လျှင် ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးလှနိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဟောပြောပွဲတက်ရောက်လာသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အဖျောက်မြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်းပွဲကျင်းပ

တိုက်ကြီး ဇူလိုင် ၁၄

အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ ရေပေါ်သောင်ကျေးရွာအုပ်စု မအူကုန်းကျေးရွာ၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ဇူလိုင် ၁၂ ရက်က မအူကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် သင်တန်းဆင်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နီက အမှာစကားပြောကြားခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇော်ထွန်းက သင်တန်းသားများကို သင်တန်းဆင်း လက်မှတ်များနှင့် သင်တန်းသုံး ကိရိယာများပေးအပ်သည်။

အဆိုပါ သင်တန်းကို တစ်လကြာ စာတွေ့ လက်တွေ့ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၂၀၀ | ၁၃၅ | ၁,၀၉၃,၈၀၀ |
| MTSH | ၂,၈၀၀ | ၂,၈၀၀ | ၂,၅၂၅ | ၇,၀၇၇,၅၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၀ | ၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၃ | ၄,၆၅၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၉၈ | ၂၃၀,၃၀၀ |
| EFR | ၂,၃၅၀ | ၂,၃၅၀ | ၅၈ | ၁၃၆,၃၀၀ |
| AMATA | ၄,၈၀၀ | ၅,၀၀၀ | ၂၄၁ | ၁,၁၅၉,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၁၀,၀၄၆ | ၁၇,၅၇၉,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရခိုင်ပြည်နယ်ရှိမြို့နယ်များကို သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသဖြစ်ကြောင်း ဒုတိယအကြိမ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ကြေညာချက်အမှတ် ၃ / ၂၀၂၃**

**၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်**
**( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )**

၁။ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့နယ်၊ မာန်အောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ အမ်းမြို့နယ်၊ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဂွမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ သံတွဲမြို့နယ်၊ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်၊ မြေပုံမြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

၂။ အဆိုပါ မြို့နယ်များကို ပုံမှန်အနေအထားသို့ အပြည့်အဝပြန်လည်ရောက်ရှိလာစေရန် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အချိန်ကာလဖြစ်ပါသဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနည်းဥပဒေပုဒ်မ ၂၆ အရ ၁၅-၇-၂၀၂၃ ရက်နေ့မှ ၁၄-၉-၂၀၂၃ ရက်နေ့အထိ သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသဖြစ်ကြောင်း ဒုတိယအကြိမ်ကြေညာလိုက်သည်။

၃။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

☆ ရေွှဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာန အသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး အခမ်းအနား တက်ရောက်လာကြသည့် အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဇနီးနှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည် ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၈၈၀၅၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၁၇၆၄ ပင်၊ မန်ကျည်းရှား ၈၈၂ ပင်၊ ပိတောက် ၈၈၂ ပင် စုစုပေါင်း ၃၅၂၈ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည် ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းရေးအတွက်

**စာမျက်နှာ ၄ သို့ ☆**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အရာရှိစစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကိုတွေ့ရစဉ်။

☆ စာမျက်နှာ ၃ မှ

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် ၃၇ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၈၈၀၅၅ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၂၇၂၀၂ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ အပင် ၉၅၀၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၂၃၃၁၀၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၂၂၅၈ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၁၄၄၅ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၁၉၉၉ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၄၃၂၂ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၃၂၇၃ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၂၉၆၄ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၇၂၈၆ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၇၁၉၅ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၅၉၆၂ ပင်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၌ ၈၇၁၃ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၃၅၂၄၇ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၃၂၀၀ တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၂၇၂၀၂ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရည်မှန်းချက်များအောင်မြင်ရေး ပြည်သူအားလုံး၏ လိုက်နာပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီး



အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၄**

အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (National Road Safety Council-NRSC)၏ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီး တင်အောင်စန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး (Road Safety)သည် ကမ္ဘာလုံးဆိုင်ရာ အလွန်ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ရပ် အဖြစ် တဖြည်းဖြည်း ကြီးထွားလာနေသည်ကို မိမိတို့ နေ့စဉ်နှင့်အမျှ တွေ့မြင် ကြားသိနေရကြောင်း၊ ထို့ပြင် ဟန့်တားထိန်းချုပ်နိုင်ရန်အတွက် ကမ္ဘာတစ်ဝန်းလုံးတွင် Road Safety ကိစ္စကို အထူးအလေးအနက်ထားပြီး ဆောင်ရွက်လာကြရာ ယခုဆိုလျှင် ဒုတိယဆယ်စုနှစ်ထဲကို ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ WHO က ပြုစုထုတ်ပြန်သည့် အစီရင်ခံစာအရ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် Road Accident ကြောင့် နှစ်စဉ်ပျမ်းမျှ လူ ၁ ဒသမ ၃ သန်းခန့် အသက်ဆုံးရှုံးနေကြရပြီး လူဦးရေသန်း ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိနေကြကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း လူ ၁ ဒသမ ၃၅ သန်းအထိ အသက်ဆုံးရှုံးခဲ့ရပြီး တစ်နှစ်ထက်တစ်နှစ် သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုများလည်း လျော့ကျမသွားဘဲ ပိုပြီးတိုးလာနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် လူများသေဆုံးရသည့် အဓိကအကြောင်းရင်း (Cause of Death) များထဲတွင် Road Accident ကြောင့် သေဆုံးရခြင်းသည် ပထမဆယ်စုနှစ်တာကာလတွင် အဆင့်(၈) နေရာတွင်ရှိခဲ့ပြီး ဒုတိယဆယ်စုနှစ်တာကာလဖြစ်သည့် ၂၀၂၀ ပြည့်နှစ် အလွန်နှစ်များတွင် အဆင့်(၃) နေရာသို့ ရောက်ရှိလာနိုင်ကြောင်း သုံးသပ်တွေ့ရှိရကြောင်း။

Road Accident ကြောင့် နိုင်ငံအများစုတွင် နှစ်စဉ် GDP ၏ သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းထိ ဆုံးရှုံးနေရကြောင်း၊ ယခုကဲ့သို့ ထိခိုက်ဆုံးရှုံး နစ်နာမှုများကလည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများဆုံး ရင်ဆိုင်နေကြရကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ Decade of Action for Road Safety ကို အကောင်အထည်ဖော်ရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ချမှတ်ထားသည့် မဏ္ဍိုင်ကြီး(၅)ရပ်နှင့်အညီ ဖော်ဆောင်စေလျက်ရှိကြောင်း၊ လက်ရှိတွင် မဏ္ဍိုင်ကြီး(၅)ရပ်အပြင် ဒုတိယဆယ်စုနှစ်တာကာလအတွက် Global Plan ကို ရေးဆွဲခဲ့ကြပြီး 12 Voluntary Targets (၁၂) ချက်ကို ချမှတ်ကာ ယာဉ်/လမ်း အန္တရာယ်ကြောင့် လူသေဆုံးမှုများကို ၂၀၃၀ ပြည့်နှစ်တွင် ထက်ဝက်လျှော့ချနိုင်ရန် ရည်မှန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အဓိကအားဖြင့် ပြည်သူအားလုံး၏ လိုက်နာပူးပေါင်း ဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ တစ်ဖက်ကလည်း မိမိတို့၏ NRSC ၏ မူဝါဒ၊ အစီအမံများ ခိုင်မာစွာချမှတ်ပေးနိုင်မှု၊ လုပ်ငန်းစဉ်တစ်ရပ်လုံးအပေါ်တွင် စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲဦးဆောင်နိုင်မှု၊ အသိပညာပေးမှု၊ စစ်ဆေးကြပ်မတ်မှုနှင့် အရေးယူမှုများ ဟန်ချက်ညီအောင် ထိန်းကျောင်းနိုင်မှုများသည်လည်း အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း။

နိုင်ငံအတွင်း ယာဉ်တိုက်ခိုက်မှုဖြစ်စဉ်များကို ၂၀၂၂ ခုနှစ် NRSC ၏ နှစ်ချုပ်အစီရင်ခံစာအရ ခွဲခြမ်းစိတ်ဖြာကြည့်ရာတွင် လူ့ပယောဂကြောင့် ဖြစ်ပွားရသည့် ယာဉ်တိုက်မှုက ၉၄ ရာခိုင်နှုန်းခန့် ပါဝင်သော်လည်း တစ်ဖက်က ပတ်ဝန်းကျင်အနေအထား၊ လမ်းတည်ဆောက်ပုံ အနေအထား၊ လမ်းဒီဇိုင်း၊ လမ်းအဆင့်အတန်းများကလည်း ကဏ္ဍတစ်ခုအဖြစ် ဆက်စပ်ပါဝင်နေကြောင်း၊ လမ်းတစ်ခုကို စတင်တည်ဆောက်ချိန်ကတည်းက Road Safety အတွက် ထည့်သွင်းစဉ်းစားခြင်း၊ လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများကို ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် တပ်ဆင်ခြင်းနှင့် တည်ဆောက်မှုပုံစံဒီဇိုင်းကို စနစ်တကျ သုံးသပ်တွက်ချက် တည်ဆောက်ခြင်းများ စနစ်တကျ ဆောင်ရွက်ကြရန်လိုကြောင်း။

လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ပြည့်စုံမှန်ကန်ရေးသည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးတွင် အလွန်အရေးပါသည့် လိုအပ်ချက်တစ်ရပ်ဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းညွှန်း၊ လမ်းအမှတ်အသားများ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်စေရေး၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ကြီးကြပ် ညှိနှိုင်းဆောင်ရွက်ရန် လမ်းညွှန် မှာကြားခဲ့ကြောင်း၊ အဆိုပါ လမ်းညွှန်မှာကြားချက်နှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

မိမိတို့၏ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမခြောက်လတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များအလိုက် Road Safety Audit ဆောင်ရွက်မှု စုစုပေါင်း ၂၄၃၁ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး လမ်းညွှန်း ၁၇၄၁၄ ခု၊ အလျားလိုက်မျဉ်းအမှတ်အသား ၁၁၄၁ မိုင်၊ ကန့်လန့်ဖြတ်မျဉ်း အမှတ်အသား ၅၈၆ ခု၊ အခြားလမ်း အမှတ်အသား ၆၉၆၄ ခုနှင့် အချက်ပြ ၅၅၃ ခု ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထပ်မံဆောင်ရွက်မှုများအနေဖြင့် လမ်းညွှန်း ၁၃၀၀၂ ခု၊ အလျားလိုက်မျဉ်းအမှတ်အသား ၈၄၄ မိုင်၊ ကန့်လန့်ဖြတ်မျဉ်းအမှတ်အသား ၆၉၅ ခု၊ အခြားလမ်းအမှတ်အသား ၃၇၉၉ ခုနှင့် အချက်ပြ ၁၃၈ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း။

လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေးအတွက် ညွှန်ကြားချက်နှင့်အညီ ပြည့်စုံမှန်ကန်ကိုက်ညီမှုရှိစေရေး လုပ်ငန်းစဉ်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက် ဖြစ်သည့်အတွက် သက်ဆိုင်ရာ ဒေသအစိုးရအဖွဲ့များ၊ ဒေသကြီးကြပ်ရေးအဖွဲ့များအနေဖြင့် အထူးအလေးထား ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရန်ပုံငွေများကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ခွင့်ပြုထားပြီးဖြစ်သည့်အတွက် မိမိတို့ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများ ပြည့်စုံမှန်ကန်စွာ အချိန်မီပြီးစီးရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးစီမံချက် National Road Safety Action Plan (2021-2023) ပါ ရည်ရွယ်ချက်၊ ရည်မှန်းချက်လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၂ ခုနှစ် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ နှစ်ချုပ်အစီရင်ခံစာနှင့် Global Plan ရည်မှန်းချက် (၁၂)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အကြောင်းအရာများကို အနှစ်ချုပ်ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ စီမံခန့်ခွဲရေးကော်မတီ၊ပညာပေးရေးနှင့်စစ်ဆေးအရေးယူရေး ဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်မကော်မတီတို့မှ အတွင်းရေးမှူးများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက NRSC အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ National Road Safety Action Plan (2021-2023)နှင့် Quick Win အစီအမံ (၅)ရပ်အပေါ် ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှု၊ စနစ်တကျစောင့်ကြည့်မှု၊ အရေးယူဆောင်ရွက်မှု၊ ပြည်သူများအား အသိပညာပေးမှု၊ ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှု၊ ယာဉ်အန္တရာယ်ဖြစ်ပွားပါက အရေးပေါ်ဆောင်ရွက်ရမည့် အချက်များအား ပြည်သူများသိရှိနိုင်ရေး အသိပညာပေး ဆောင်ရွက်ထားရှိမှု၊ လမ်းညွှန် အမှတ်အသားများနှင့် အချက်ပြစနစ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ရှင်းလင်းဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

■ ကျောဖုံးမှ

အထက်ပါဆွေးနွေးပွဲများနှင့် လတ်တလောချမှတ်ခဲ့သော ဆုံးဖြတ်ချက်အဆိုတို့သည် မြန်မာပြည်သူများအပေါ် အမုန်းစကားမြောက်ကြောင်းနှင့် ယဉ်ကျေးမှုနှင့် တိုင်းရင်းသားမျိုးစုံပါဝင်သော မြန်မာ့အသိုက်အဝန်းအကြား စိတ်ဝမ်းကွဲပြားစေရန် လှုံ့ဆော်ရာရောက်ကြောင်း စိုးရိမ်စွာဖြင့်မှတ်သားရသည်။ ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်မြောက်ပိုင်းဖြစ်စဉ် ပေါ်ပေါက်ခဲ့ရသည့်အကြောင်းရင်းကို မျက်ကွယ်ပြုခြင်းဖြင့် လက်တွေ့မြေပြင်အခြေအနေကို ထင်ဟပ်နိုင်မည် မဟုတ်ပါ။ ကောင်စီ၏ ဆွေးနွေးပွဲအမျိုးမျိုးကို အသုံးချ၍ တစ်ဖက်သတ်ဇာတ်ကြောင်းများ ဖန်တီးနေစေကာမူ ကော့ဘဇားရှိ စခန်းများတွင် တိုက်ပွဲများနှင့် လက်နက်ကိုင်တိုက်ခိုက်မှုများက အကာမူဂျာဟီဒင်ခေါ် အာဆာအကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို သက်သေပြလျက်ရှိသည်။ ယင်းအကြမ်းဖက်မှုများကြောင့် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်မှ အတင်းအကျပ် နေရပ်စွန့်ခွာခဲ့မှုများ ပေါ်ပေါက်စေခဲ့ပြီး ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ယနေ့ထက်တိုင် ဟန့်တားလျက်ရှိသည်။

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး တင်ပြချက်တွင် သီးခြားကုလသမဂ္ဂရုံးတစ်ရုံးက ကိုင်တွယ်သည့် လူသားချင်းစာနာမှုဆိုင်ရာကိစ္စများကို အထူးပြုထားရာ လုပ်ငန်းများ ထပ်တူဖြစ်နေကြောင်းနှင့် မဟာမင်းကြီး၏လုပ်ပိုင်ခွင့်ကို ကျော်လွန်နေကြောင်း ပြသရာရောက်သည်။ လူသားချင်းစာနာမှုဆိုင်ရာ သွားရောက်ခွင့်များ ငြင်းပယ်ကြောင်း မဟာမင်းကြီး၏အစီရင်ခံစာတွင် စွပ်စွဲချက်မှာ လွဲမှားလျက်ရှိသည်။ ခရီးသွားလာခွင့်များနှင့်စပ်လျဉ်း၍ ၂၀၂၀ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အီးယူအပါအဝင် သံရုံးများကို ၆၂ ကြိမ်၊ ကုလသမဂ္ဂအေဂျင်စီများကို ၄၆ ကြိမ်နှင့် အာဆီယံလူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးညှိနှိုင်းမှုဗဟိုဌာန(AHA Centre)ကို ၁၀ ကြိမ် မြန်မာအစိုးရက ခွင့်ပြုခဲ့သည်။ ထို့ပြင် ရခိုင်ပြည်နယ်အစိုးရက ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)ကို အကြိမ် ၆၀ ကျော်၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများကို အကြိမ် ၈၀ ကျော်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)ကို အကြိမ်ပေါင်း ၅၀၀ ကျော် ခရီးသွားလာခွင့်ပြုခဲ့သည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူသည် မြန်မာနိုင်ငံကို အထီးကျန်စေရန် ရည်ရွယ်ချက်ဖြင့် အပြန်အလှန်ဆွေးနွေးမှုပြုလုပ်ခဲ့သည်ကို စိတ်ပျက်ဖွယ် တွေ့ရှိရသည်။ အစိုးရကို သိက္ခာချရန်ကြိုးပမ်းမှုအဖြစ် အကန့်အသတ်မရှိ စာရွက်စာတမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် ဥရောပသမဂ္ဂနှင့် အနောက်နိုင်ငံများက အထူးအစီရင်ခံစာတင်သွင်းသူအတွက် ဆီလျော်မှုမရှိသောလုပ်ပိုင်ခွင့်ကို ပေးအပ်ထားသည်။ အထူးအစီရင်ခံစာတင်သွင်းသူသည် အပြစ်မဲ့ပြည်သူ ၆၀၉၁ ဦးကို သေဆုံးစေခဲ့သော NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ လူမဆန်သော ပြစ်မှုများကို ဖုံးကွယ်ထားသည်။ အထူးအစီရင်ခံစာတင်သွင်းသူက မြန်မာနိုင်ငံ၏ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများအတွက် ဖြည့်ဆည်းပေးသည့် အစိုးရပိုင်လုပ်ငန်းများအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများချမှတ်ရန် အဖွဲ့ဝင်နိုင်ငံများကို ထပ်မံတောင်းဆိုထားသည်။ ယင်းမှာ ပြည်သူများကိုထိခိုက်စေရန်နှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးကို ချိုးဖောက်ရန်အတွက်သာဖြစ်သည်။

ထို့အပြင် မြန်မာအရေးကိစ္စသည် ပြည်တွင်းရေးသာဖြစ်ပြီး နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် မည်သည့်ခြိမ်းခြောက်မှုမျှ မဖြစ်ပေါ်စေသည့်အတွက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလတွင် အတည်ပြုထုတ်ပြန်ခဲ့သည့် အစီရင်ခံစာများနှင့် ဆုံးဖြတ်ချက်အဆိုတို့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး(ICC)တို့ကို ရည်ညွှန်းဖော်ပြမှုများကို မြန်မာနိုင်ငံက ပြင်းထန်စွာကန့်ကွက်ပယ်ချသည်။

နိုင်ငံတစ်နိုင်ငံကိုဦးတည်သည့် ဆုံးဖြတ်ချက်အဆိုများနှင့် လုပ်ပိုင်ခွင့်များ၊ ၎င်းတို့၏ နောက်ဆက်တွဲ အပြန်အလှန်ဆွေးနွေးမှုများသည် သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းတို့အကြား ဓမ္မဓိဋ္ဌာန်ကျသော အစီရင်ခံမှု၊ အပြုသဘောဆောင်သော ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဖြစ်ပေါ်စေခြင်းမရှိသည့်အတွက် ယင်းတို့ကို မြန်မာနိုင်ငံက အစဉ်တစိုက် ဆန့်ကျင်သည်။ အစီရင်ခံစာများနှင့် နိုင်ငံအချို့၏ မိန့်ခွန်းများတွင်ပါဝင်သည့် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များနှင့် ဝင်ရောက်စွက်ဖက်ပြောဆိုချက်များကို မြန်မာနိုင်ငံက ပယ်ချပြီး အစည်းအဝေးများတွင် မိတ်ဆွေနိုင်ငံများ၏ မျှတပြီး အပြုသဘောဆောင်သော ပြောကြားချက်များအတွက် ကျေးဇူးတင်ရှိသည်။ ဆုံးဖြတ်ချက်အဆိုကို အတည်ပြုချမှတ်ရာတွင် ပါဝင်ပတ်သက်ခြင်းမပြုသောနိုင်ငံများနှင့် မြန်မာနိုင်ငံက အတူရပ်တည်သည်။

အထက်တွင်ဆိုခဲ့သော ဆွေးနွေးမှုများနှင့် အစည်းအဝေးများသည် မြန်မာနိုင်ငံမပါဝင်ဘဲ ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် အသေးစိတ်တုံ့ပြန်မှုများ ပြုလုပ်ပြီးဖြစ်ကာ ယင်းတုံ့ပြန်မှုများကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတို့၏ ဝက်ဘ်ဆိုက်များတွင် တွေ့ရှိနိုင်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်**

❖ (၅၆)ကြိမ်မြောက်မှ

အဆိုပါပူးတွဲကြေညာချက်တွင် မြန်မာနိုင်ငံဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု ခေါင်းစဉ်အောက်၌ သက်ဆိုင်ရာနိုင်ငံ၏ ငြိမ်းချမ်းသောနည်းဖြင့် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံထူထောင်ရေး ကြိုးပမ်းနေမှုများနှင့် သဘောထားရပ်တည်ချက်များကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးအခြေအနေကို ဖော်ပြထားကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်အပါအဝင် မည်သည့်ထုတ်ပြန်ချက်တွင်မဆို နိုင်ငံတစ်နိုင်ငံအား သီးခြားပစ်မှတ်ထား၍ ယင်း၏ ပြည်တွင်းရေးကိစ္စအား ဖော်ပြမှုသည် အာဆီယံပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည့် "ဝင်ရောက်မစွက်ဖက်ရေးမူ"နှင့် သွေဖည်နေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် မည်သည့်အခါကမျှ လက်ခံခြင်းမရှိကြောင်း ထပ်မံဖော်ပြအပ်သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်(မူကြမ်း)အား ညှိနှိုင်းစဉ်က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် တာဝန်သိစွာဖြင့် ပါဝင်ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ သို့ရာတွင် ပူးတွဲကြေညာချက်အား အပြီးသတ်ထုတ်ပြန်ကြေညာရာတွင် မြန်မာနိုင်ငံမှ အဆိုပြုပြင်ဆင် ဖြည့်စွက်ထည့်သွင်းလိုသည့်အချက်များ၊ မြန်မာနိုင်ငံ၏ သဘောထားနှင့်စိုးရိမ်ပူပန်မှုများကို လျစ်လျူရှုခဲ့သည်။

သို့ဖြစ်၍ အထက်ဖော်ပြပါအချက်များကို အခြေခံလျက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်တွင်ပါဝင်သည့် မြန်မာနိုင်ငံကိစ္စနှင့်ပတ်သက်သည့် အချို့အချက်များအပေါ် စိတ်ပျက်မိပြီး ယင်းဖော်ပြချက်များအား ပြတ်သားစွာပယ်ချလျက် ပါဝင်ပတ်သက်မှုမရှိကြောင်း ထပ်လောင်းဖော်ပြအပ်သည်။ မြန်မာနိုင်ငံသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်**

# ပြည်သူများနှင့် အာမခံအလုပ်သမား ၂၅၃၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့



နေပြည်တော် ဇူလိုင် ၁၄

စစ်တွေမြို့ပေါ်ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာခုနစ်ရွာနှင့် အလုပ်ဌာန လေးခုတို့မှ ပြည်သူများနှင့် အာမခံအလုပ်သမား ၂၅၃၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း ပြည်နယ်လူမှုဖူလုံရေးအဖွဲ့မှ သိရသည်။

ပြည်သူများနှင့် အာမခံအလုပ်သမားများအား မုန်တိုင်းနောက်ဆက်တွဲကြောင့် ဖြစ်ပေါ်နိုင်သော ဝမ်းပျက်ဝမ်းလျှောခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏ လမ်းညွှန်ကြီးကြပ်မှုနှင့်အညီ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ဦးဆောင်၍ ဆေးဘက်ဆိုင်ရာဝန်ထမ်းများပါဝင်သော ရွေ့လျားဆေးကုသယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေခြင်းဖြစ်သည်။

ထိုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်အပြင် သဘာဝဘေးပြီးနောက် ကြုံတွေ့ရနိုင်သည့် ကျန်းမာရေးပြဿနာများကို အသိပညာပေးဟောပြောခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း ပြည်နယ်လူမှုဖူလုံရေးအဖွဲ့မှ သိရသည်။

ယခုအခါ စစ်တွေမြို့တွင် လူမှုဖူလုံရေးဆေးခန်းကို ဖွင့်လှစ်ထားရှိပြီး လူမှုဖူလုံရေးအဖွဲ့တွင် အာမခံထားရှိသည့် အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေကျင်မြို့နယ်၌ အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့်ဆုပေးပွဲ ကျင်းပ

ရွှေကျင် ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဆုပေးပွဲကို ယနေ့ နံနက် ၁၀ နာရီက အထက(ရွှေကျင်) ပညာရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်ဦးက အာဇာနည်နေ့ဖြစ်ပေါ်လာရသည့်အကြောင်း၊ ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သဲစုအောင်နှင့် အလယ်တန်းပြ ဆရာကြီး ဦးကျော်ဝင်းတို့က အာဇာနည်ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ပုံများ ဟောပြောခဲ့သည်။ ဆက်လက်ပြီး အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူလေးဦးက အာဇာနည်ခေါင်းဆောင်ကိုးဦး၏ သမိုင်းကြောင်းများကို ဟောပြောခဲ့သည်။

ထို့နောက် အာဇာနည်နေ့အကြို စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း နိုင်ငံတော်ဓာတ်အားစနစ်သို့ စတင်ထုတ်လုပ်ပို့လွှတ်ခြင်းနှင့် မြန်မာနိုင်ငံလျှပ်စစ်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေး ဆောင်ရွက်ချက်များ

## လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍမှ အငြိမ်းစားအင်ဂျင်နီယာများ

၂၀၂၃ ခုနှစ် မေလအတွင်းဝင်ရောက်တိုက်ခတ်ခဲ့သော မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက်တွင် သဘာဝဘေးအန္တရာယ်ဒဏ် ကြုံတွေ့ခံစားခဲ့ရသည်ကို အားလုံးသိရှိကြပြီးဖြစ်ပါသည်။ မိုခါမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် အထူးပင် ကိုယ်ချင်းစာစိတ်မကောင်းဖြစ်မိပါသည်။

နိုင်ငံတော်အနေဖြင့်လည်း မိုခါမုန်တိုင်းဒဏ်သင့်ဒေသများအတွက် နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် မြေပြင်သို့ သွားရောက်ကာ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်နေကြသည်ကိုလည်း ကျေနပ်အားရဖွယ် တွေ့မြင်ကြားသိနေရပါသည်။ နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများ၏ ပူးပေါင်းပါဝင်လှူဒါန်းမှုများကလည်း မုန်တိုင်းသင့်ဒေသရှိပြည်သူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဝမ်းမြောက်ကျေနပ်ဖွယ်ဖြစ်ပါသည်။

မုန်တိုင်းသင့်ဒေသများရှိ ပြည်သူလူထုများ၏ နေ့စဉ်လူနေမှုဘဝတွင် အဓိကအခြေခံလိုအပ်ချက်တစ်ခုဖြစ်သော လျှပ်စစ်ဓာတ်အားများ အမြန်ဆုံးပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဝန်ထမ်းအင်အား ၁၁၀၀ ကျော်ခန့်ကို စေလွှတ်ကာ အားသွန်ခွန်စိုက် ကြိုးပမ်းပြုပြင်ခဲ့ကြသည့်အတွက် ၇-၆-၂၀၂၃ ရက်နေ့တွင် လျှပ်စစ်ဓာတ်အားများ ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ရာ စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့ပေါ်ရှိ ရပ်ကွက်များသို့ လျှပ်စစ်ဓာတ်အား ၁၀၀ ရာခိုင်နှုန်း ပြန်လည်ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်းကိုလည်း ဝမ်းမြောက်ဖွယ်သိရှိရပါသည်။ ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ပြတ်တောက်ခဲ့ရသော မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များကိုလည်း ပြန်လည်ချိတ်ဆက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုကို ဇွန် ၁၄ ရက်က လေ့လာကြည့်ရှုစဉ်။

မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း ဒေသခံပြည်သူများ၏ သေဆုံးထိခိုက်ပျက်စီးဆုံးရှုံးမှုသတင်းများကြောင့် ဝမ်းနည်းစိတ်မကောင်းဖြစ်နေရချိန်တွင် မုန်တိုင်းဒဏ်သင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးအပေါ် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်မည့်အပြင် ရခိုင်ပြည်နယ်အတွက်သာမက မြန်မာနိုင်ငံအတွက် မင်္ဂလာရှိသည့် သတင်းကောင်းတစ်ခုကိုလည်း ကြားသိခဲ့ရပါသည်။

### ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ နိုင်ငံတော်ဓာတ်အားစနစ်သို့ စတင်ထုတ်လုပ်ပို့လွှတ်ခြင်း

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၂၀၂၃ ခုနှစ် မေလ ၁၉ ရက်နေ့တွင် စီးပွားဖြစ်စတင်လည်ပတ်ခြင်း (Combined Cycle Commercial Operation)ကို မူလလျာထားသတ်မှတ်ချက်ထက် ပိုမိုဆောလျင်စွာစတင်နိုင်ခဲ့ပြီး ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတော်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားပို့လွှတ်နေပြီဖြစ်ကြောင်း သိရပါသည်။ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များမှ ၉၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့်အပြင် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံလည်ပတ်မှု (Combined Cycle Gas Turbine Operation) မှ မူလထက် ၄၅ မဂ္ဂါဝပ် သီးသန့်ပိုမိုရရှိစေသဖြင့် မူလ ၉၀ မဂ္ဂါဝပ်အတွက် အသုံးပြုသည့် ဓာတ်ငွေ့ပမာဏဖြင့်ပင် ၁၃၅ မဂ္ဂါဝပ် ထုတ်လုပ်လျက်ရှိပါသည်။ ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ၁၄၇ မဂ္ဂါဝပ်အထိ ထုတ်လုပ်ရန် အသင့်ဖြစ်နေပြီဖြစ်၍ Gas ပိုမိုရရှိသည်နှင့် လက်ရှိထုတ်လုပ်မှု ၁၃၅ မဂ္ဂါဝပ်ထက် ၁၂ မဂ္ဂါဝပ် ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းလည်း သိရပါသည်။ ဂျာမနီနိုင်ငံမှ ထုတ်လုပ်သော နောက်ဆုံးပေါ် စွမ်းအားမြင့် Gas Turbine များကို အသုံးပြုထားသဖြင့် Heat Rate အထူးကောင်းမွန်ပြီး သဘာဝဓာတ်ငွေ့သုံးစွဲမှုနှုန်း (Gas Consumption) များစွာ လျော့နည်းသဖြင့် ဓာတ်အားခဈေးနှုန်း အထူးသက်သာစေပြီး Gas Engine များ ငှားရမ်းသုံးစွဲရသဖြင့် ကုန်ကျသော ဓာတ်အားခဈေးနှုန်းထက် များစွာလျော့နည်းသဖြင့် နိုင်ငံတော်အတွက် နှစ်စဉ်အမေရိကန်ဒေါ်လာ ၂၅ သန်းခန့် သက်သာစေမည့် ဓာတ်အားပေးစက်ရုံလည်း ဖြစ်ပါသည်။

### ကိုဗစ်-၁၉ အကျပ်အတည်းများကြားမှ အောင်မြင်အောင် ဆောင်ရွက်ခဲ့သည့် စီမံကိန်းကာလ

ယခုကဲ့သို့ ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ စီးပွားဖြစ်လည်ပတ်မှု အောင်မြင်စွာ စတင်နိုင်ရန်အတွက် ကိုဗစ်-၁၉ ကာလ စီမံကိန်းတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် အခက်အခဲ၊ အကျပ်အတည်းများနှင့် စီမံကိန်းကုမ္ပဏီမှ ရင်ဆိုင်ကျော်လွှားဆောင်ရွက်ခဲ့မှုများကို ပြန်လည်ကြားသိခဲ့ရပါသည်။ ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းကို ကမ္ဘာ့အကြီးဆုံးကုမ္ပဏီအဆင့် ၁၀၇ ဖြစ်သည့် Powerchina Resources Ltd (Powerchina Group) က အစုရှယ်ယာ ၇၅ ရာခိုင်နှုန်းနှင့် မြန်မာတိုင်းရင်းသားပိုင် ၃၁ နှစ်သက်တမ်းရှိသည့် နည်းပညာဦးဆောင်မှုကုမ္ပဏီက အစုရှယ်ယာ ၂၅ ရာခိုင်နှုန်း ထည့်ဝင်ထားသည့် Kyauk Phyu Electric Power Co., Ltd က တည်ဆောက်၊ ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ချိန်သည် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါကာလဖြစ်သဖြင့် အခက်အခဲများ ကြုံတွေ့ရပြီး ပုံမှန်ထက် ပိုမိုအားစိုက်ဆောင်ရွက်ခဲ့ရပါသည်။ ကိုဗစ်ကာလအတွင်းမှာပင် လုပ်ငန်းဆောင်ရွက်မှု အရှိန်အဟုန်မပျက်စေရန် ကိုဗစ်ကာလ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ထပ်ဆောင်းကုန်ကျစရိတ်များ ကျခံရခြင်း၊ ဥရောပစက်ပစ္စည်းများ အပါအဝင် ကမ္ဘာ့ဈေးကွက်အသီးသီးမှ ဝယ်ယူရသည့် ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာခြင်း၊ ကိုဗစ်ကာလ Logistics Cost မြင့်တက်လာခြင်း စသည့်အခြေအနေများကြောင့် EPC Cost များ ပိုမိုကုန်ကျခဲ့ပြီး မူလသတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံမှုပမာဏထက် များစွာပိုမိုကုန်ကျခဲ့၍ အမေရိကန်ဒေါ်လာသန်း ၂၀၀ ခန့်ဖြင့် ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။

Kyauk Phyu Electric Power Co., Ltd အနေဖြင့် ရင်းနှီးမြှုပ်နှံမှုစရိတ်များ မျှော်မှန်းသည်ထက် များစွာပိုမိုလာသော်လည်း မြန်မာနိုင်ငံကမ်းရိုးတန်းဒေသ၏ ပထမဦးဆုံး သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ (CCGT Power Plant)ကို တည်ဆောက်နိုင်ခြင်း၊ ဓာတ်အားပေးစက်အနေဖြင့်လည်း နိုင်ငံတကာတွင် အလုံး ၃၀၀ ကျော် တပ်ဆင်အသုံးပြုပြီးဖြစ်သည့် ကမ်းရိုးတန်းဒေသများအတွက် အထူးဒီဇိုင်းထုတ်လုပ်ထားသော ဥရောပစက်ပစ္စည်းများ အသုံးပြုထားသဖြင့် အရည်အသွေးပိုင်းဆိုင်ရာ ယုံကြည်စိတ်ချရမှု အပြည့်ရှိခြင်း စသည်တို့ကြောင့် နိုင်ငံတော်အတွက် အထူးအကျိုးရှိသည့် စီမံကိန်းတစ်ခုကို ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်းများ စတင်ချိန်မှ ပြီးမြောက်သည်အထိ နာရီရက်မရှိဘဲ နိုင်ငံခြားသားအင်ဂျင်နီယာ ၂၀၀ ကျော်၊ မြန်မာနိုင်ငံသားအင်ဂျင်နီယာနှင့် အခြားဝန်ထမ်း ၃၀၀ ကျော် စုစုပေါင်း ဝန်ထမ်းအင်အား ၅၀၀ ကျော်ဖြင့် နေ့ဆိုင်း၊ ညဆိုင်းခွဲကာ အဆက်မပြတ် ဆောင်ရွက်ခဲ့ခြင်းနှင့် ကုမ္ပဏီက အကျိုးအမြတ်တစ်ခုတည်းကို အဓိကမကြည့်ဘဲ သတ်မှတ်ကာလအမီ စီမံကိန်းပြီးမြောက်အောင်မြင်ရေး ရင်းနှီးမြှုပ်နှံမှုစရိတ်များ ထပ်တိုးကျခံ၍ အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ခြင်း၏ အကျိုးရလဒ်ကို စတင်ခံစားနေရပြီဖြစ်ပါသည်။ စီမံကိန်း သတ်မှတ်ကာလထက် ဆောလျင်စွာ ပြီးစီးသည့် ထူးခြားကောင်းမွန်သည့် မှတ်တမ်းကောင်းလည်း ရရှိသွားပြီဖြစ်ပါသည်။ **စာမျက်နှာ ၇ သို့** ❐

> **သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များမှ ၉၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့်အပြင် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံလည်ပတ်မှု (Combined Cycle Gas Turbine Operation) မှ မူလထက် ၄၅ မဂ္ဂါဝပ် သီးသန့်ပိုမိုရရှိစေသဖြင့် မူလ ၉၀ မဂ္ဂါဝပ်အတွက် အသုံးပြုသည့် ဓာတ်ငွေ့ပမာဏဖြင့်ပင် ၁၃၅ မဂ္ဂါဝပ် ထုတ်လုပ်လျက်ရှိပါသည်။ ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ၁၄၇ မဂ္ဂါဝပ်အထိ ထုတ်လုပ်ရန် အသင့်ဖြစ်နေပြီဖြစ်၍ Gas ပိုမိုရရှိသည်နှင့် လက်ရှိထုတ်လုပ်မှု ၁၃၅ မဂ္ဂါဝပ်ထက် ၁၂ မဂ္ဂါဝပ် ပိုမိုထုတ်လုပ်နိုင်မည်**



ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့်စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများမှ သံရုံးအကြီးအကဲများ ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှုကို လေ့လာကြည့်ရှုစဉ်။

❒ စာမျက်နှာ ၆ မှ

## မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်ရေး ကြိုးပမ်းနေမှုများ

လျှပ်စစ်စွမ်းအင်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားလုံခြုံရေးတို့တွင် မရှိမဖြစ်လိုအပ်သည့် ကဏ္ဍဖြစ်သဖြင့် နိုင်ငံတော်အတွက် အရေးကြီးဆုံးကဏ္ဍတစ်ခုအဖြစ် နိုင်ငံတော်က အထူးဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ မကြာသေးမီက ရခိုင်ပြည်နယ်အတွင်း လေအားလျှပ်စစ်စီမံကိန်းများ (၃၆၀ မဂ္ဂါဝပ်) ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoA) လက်မှတ်ရေးထိုးပြီး လုပ်ငန်းများ စတင်ဆောင်ရွက်ရန် စီစဉ်နေခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင်ကုမ္ပဏီနှင့်လည်း လေအားလျှပ်စစ်စီမံကိန်းသုံးခု ဆောင်ရွက်ရန် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ နားလည်မှုစာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုးပြီး စီမံကိန်းအကောင်အထည်ဖော်ရန် စီစဉ်နေခြင်းသည် ကောင်းမွန်သည့်အရွေ့တစ်ခု ဖြစ်ပါသည်။

နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ စီးပွားဖြစ်စတင်လည်ပတ်နေသည့်သတင်းများကိုလည်း ယခုနှစ်အတွင်း ခပ်စိပ်စိပ် ကြားသိနေရပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများ ဆောင်ရွက်နေသကဲ့သို့ လာအို-မြန်မာ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့် ဓာတ်အားကုန်သွယ်မှု၊ တရုတ်- မြန်မာ နယ်စပ်ဖြတ်ကျော် ဓာတ်အားကုန်သွယ်မှုတို့ကိုလည်း ဆောင်ရွက်နေသဖြင့် မိမိတို့နိုင်ငံ၏ လတ်တလော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို သွယ်ယူဖြည့်ဆည်းနိုင်ပြီး နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ပိုလျှံချိန်တွင် ၎င်းနိုင်ငံများသို့ ပြန်လည်ရောင်းချ၍ အာဆီယံဓာတ်အားကွန်ရက်နှင့် ချိတ်ဆက်နိုင်မည့် အခြေခံအဆောက်အအုံများကို အဆင်သင့်ဖြစ်စေရန် စီမံဆောင်ရွက်နေကြောင်း ကျေနပ်အားရဖွယ် တွေ့ရှိရပါသည်။

ဓာတ်အားစနစ်၏ အခြေခံဝန်(Base Load)ကို ဖြည့်ဆည်းပေးရန်အတွက် LNG to Power စီမံကိန်းများ၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။ LNG to Power အတွက် LNG စာချုပ်ချုပ်ဆိုရာတွင် ကမ္ဘာသုံးစနစ် (Brent နှင့် Henry Hub) ဈေးကွက်များနှင့်ချိတ်ဆက်ပြီး နှစ်ရှည်စာချုပ်များအား သတ်မှတ်လုပ်ထုံးလုပ်နည်းပုံစံဖြင့် ချုပ်ဆိုမည်ဆိုပါက အတက်အကျနည်းပြီး ခိုင်မာသင့်လျော်သည့် LNG ဈေးနှုန်းဖြစ်၍ လျှပ်စစ်ဓာတ်အားခ တစ်ယူနစ်လျှင် အမေရိကန်ဒေါ်လာ ၈ ဆင့်မှ ၁၁ ဆင့်အတွင်း (ရေနံစိမ်းဈေး တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၀~၁၀၀ ကြား)သာ ကျသင့်သဖြင့် အထူးသင့်လျော်သည့် နှုန်းထားဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံအများစုမှ သုံးစွဲလျက်ရှိပါသည်။ ပြည်ပမှ တင်သွင်းသည့် ကျောက်မီးသွေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စရိတ်သည် တစ်ယူနစ်လျှင် အမေရိကန်ဒေါ်လာ ၁၅ ဆင့် မှ ၂၀ ဆင့်အတွင်း ကျသင့်သည်ဖြစ်၍ ပြည်တွင်းရှိ ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရပါသည်။

### လျှပ်စစ်ကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏ သဘောသဘာဝ

ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်အရ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည် အမြတ်အနည်းဆုံး လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပြီး EIRR 10 ~12% သာ ရှိပါသည်။ ဓာတ်အားဝယ်ယူသူ (Off-taker) များသည် နိုင်ငံအစိုးရများသာဖြစ်သောကြောင့် ခိုင်မာပြီး အာမခံမှုမြင့်မားသဖြင့်သာ ဤကဲ့သို့ အမြတ်အစွန်းနည်းပါးသည့် လုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံကြခြင်းဖြစ်ကြောင်း သိရပါသည်။ အရင်းကျေကာလသည် ၈ နှစ်မှ ၁၁ နှစ်အတွင်းရှိကြသဖြင့် ဘဏ္ဍာငွေပေးချေမှုဆိုင်ရာစံနှုန်းများကို နိုင်ငံတကာဘဏ်များနှင့် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ၊ အာမခံကုမ္ပဏီများက အတည်ပြုတာဝန်ယူနိုင်မှသာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ကြပါသည်။ အရင်းကျေကာလ ကြာမြင့်သောကြောင့် ဘဏ္ဍာငွေပေးချေမှုဆိုင်ရာစံနှုန်းတွင်ရရှိမည့် လျှပ်စစ်ဓာတ်အားခဈေးနှုန်း၊ ပေးချေသည့် ငွေကြေးအမျိုးအစား၊ စက်လည်ပတ်ခွင့်ကာလ၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ အရင်းကျေကာလ စသည့် အဓိကဘဏ္ဍာရေးဆိုင်ရာ မူဝါဒအချက်အလက်များ ခိုင်မာမှုအရ တာဝန်ယူအာမခံပေးကြခြင်းဖြစ်ပြီး ၎င်းအဓိက ဘဏ္ဍာရေးဆိုင်ရာ မူဝါဒအချက်အလက်များ ပြောင်းလဲသွားပါက အရင်းကျေကာလသည် ၁၅ နှစ် ~ နှစ် ၂၀ သို့ ပြောင်းလဲသွားနိုင်ပြီး စီမံကိန်းတစ်ခုလုံးမှ အမြတ်မရခြင်း၊ အရှုံးပင်ပေါ်နိုင်ခြင်းများ ကြုံတွေ့ရနိုင်ပါသည်။

### လျှပ်စစ်ကဏ္ဍအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေကြရသည့် အခြေအနေ

လျှပ်စစ်ကဏ္ဍသည် ရင်းနှီးမြှုပ်နှံမှုကြီးမားကာ အမြတ်နည်းပြီး နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အစိုးရအာမခံကုမ္ပဏီများမှ အာမခံမှုပေးမှသာ ဆောင်ရွက်နိုင်သည့် လုပ်ငန်းကဏ္ဍဖြစ်သဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများတွင် Bankableဖြစ်သည့် စာချုပ်စာတမ်းများ၊ အစိုးရ၏အာမခံမှုများကို ထိရောက်စွာပေးပြီး ရင်းနှီးမြှုပ်နှံသူများအတွက် တာဝန်ယူပေးကြပါသည်။ ယခုကာလတွင် လျှပ်စစ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအတွက် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စသည့်အိမ်နီးချင်းနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများကို အထူးမက်လုံးများပေး၍ ဖိတ်ခေါ်နေကြောင်း သိရပါသည်။ မြန်မာနိုင်ငံအတွက်လည်း လိုအပ်မှုအရှိဆုံးဖြစ်သည့် လျှပ်စစ်ကဏ္ဍတွင် အခြားနိုင်ငံများနှင့်အပြိုင် ဆွဲဆောင်ဖိတ်ခေါ်ရမည်ဖြစ်သဖြင့် လျှပ်စစ်ကဏ္ဍ၏ အခွင့်အလမ်းနှင့် အခြေအနေအရ မိမိတို့အတွက် လိုအပ်နေသည့် အချိန်ကာလတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ကမ္ဘာ့အဆင့်ရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံကို အာမခံချက်ရှိသည့် ဦးစားပေးဈေးကွက်အဖြစ် လက်ခံသတ်မှတ်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေမည်ဟုလည်း ယုံကြည်ပါသည်။

လျှပ်စစ်ကဏ္ဍသည် ယခုရေတွင်းတူး၊ ယခုရေကြည်သောက် ဆောင်ရွက်၍မရသည့် ကဏ္ဍဖြစ်ပြီး အဓိကကဏ္ဍကြီးလေးခုဖြစ်သည့် ဓာတ်အားထုတ်လုပ်မှု (Power Generation)၊ ဓာတ်အားသွယ်တန်းမှု (Power Transmission)၊ ဓာတ်အားစနစ်စီမံကွပ်ကဲမှု (Power System)နှင့် ဓာတ်အားဖြန့်ဖြူးမှု (Power Distribution) တို့ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရန် အရေးကြီးသဖြင့် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရန်အတွက် စီမံကိန်းအမျိုးအစားအပေါ်မူတည်၍ အနည်းဆုံး ၃ နှစ်မှ ၁၀ နှစ်ခန့်အထိ အချိန်ယူဆောင်ရွက်ရလေ့ရှိပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရန်အတွက် ကမ္ဘာ့ဘဏ်အဖွဲ့၏ တွက်ချက်ခန့်မှန်းချက်အရ အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမှု လိုအပ်ကြောင်း သိရပါသည်။ ထိုသို့ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်သည့်ကဏ္ဍ ဖြစ်သော်လည်း နိုင်ငံတော်အစိုးရက အထူးဦးစားပေးကဏ္ဍအဖြစ် ဆောင်ရွက်နေပြီး ကမ္ဘာ့အဆင့်ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေကောင်းများကို ဖန်တီးဖော်ဆောင်ပေးနေသဖြင့် မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍသည် အချိန်ကာလတစ်ခုအတွင်း အဆင်ပြေအောင်မြင်သွားမည်ဟု ယုံကြည်ပါသည်။ ။

---


## အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း(၁၀)မျိုး စာရင်း

အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း

- လက်ကိုင်ဖုန်းအမျိုးမျိုး
- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်း အမျိုးမျိုး
- အလံအမျိုးမျိုး
- စီနိုင်းစအမျိုးမျိုး
- လက်ကိုင်အိတ်အမျိုးမျိုး
- ပုလင်း/ဗူး အမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ
- မီးခြစ်အမျိုးမျိုး
- ဘောလ်ပင်အမျိုးမျိုး

## အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေး ကြေညာချက်

အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

## လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာကိစ္စရပ်များ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan နှင့်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNFPA တို့အကြား နှစ်ကာလရှည်ကြာစွာ ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိအခြေအနေတွင် ယခင်ကာလများကဲ့သို့ လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် လူဦးရေဆိုင်ရာစာရင်းအင်းအချက်အလက်များနှင့် ပတ်သက်သည့် လုပ်ငန်းများတွင် နည်းပညာနှင့် ဆက်စပ်ပစ္စည်းလိုအပ်ချက်များ ပံ့ပိုးကူညီပေးနိုင်ရေးအခြေအနေ၊ UNFPA အနေဖြင့် မြန်မာနိုင်ငံ၏ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များတွင်စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများကို ထိန်းသိမ်း၍ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်သည့် ဦးဌေးလှိုင်၊ ဒေါက်တာမျိုးသန့်၊ ပြည်သူ့အင်အားဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ၏ ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ရေးကွန်ရက် စတုတ္ထအကြိမ် မျက်နှာစုံညီအစည်းအဝေး တက်ရောက်

နေပြည်တော် ဇူလိုင် ၁၄

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၂ ရက်မှ ၁၃ ရက်အထိ ဗီယင်နာအပြည်ပြည်ဆိုင်ရာ စင်တာ၌ ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ရေးကွန်ရက် (GlobE Network) စတုတ္ထအကြိမ် မျက်နှာစုံညီအစည်းအဝေးသို့ အွန်လိုင်းဖြင့် တက်ရောက်သည်။



အစည်းအဝေး၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများကို အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပူးပေါင်းဖြေရှင်းနိုင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် အဓိက ရင်ဆိုင်ကြုံတွေ့နေရသည့် သတင်းအချက်အလက်များ အချိန်မီရရှိမှု အခက်အခဲကို ဖြေရှင်းနိုင်ရေး ရည်ရွယ်ဖွဲ့စည်းခဲ့သည့် ကွန်ရက်၏ ၂၀၂၁ - ၂၀၂၂ ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများ၊ ၂၀၂၃ ခုနှစ်အတွင်း လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

ထို့ပြင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအာဏာပိုင်များအဖွဲ့က ကြီးမှူးကျင်းပသည့် နယ်စပ်ဖြတ်ကျော် အဂတိလိုက်စားမှုများ ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ Webinar သို့ အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အဆိုပါ Webinar တွင် ကိုဗစ်-၁၉ ရောဂါ ကာလ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အတွေ့အကြုံများ၊ ဖြေရှင်းဆောင်ရွက်နေမှုများ၊ ဟောင်ကောင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်နေမှုများ၊ နည်းပညာအထောက်အကူပြု ဆောင်ရွက်ပေးနေမှုများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများတွင် သတင်းအချက်အလက် ဖလှယ်ခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂလေ့ကျင့်ရေးနှင့် သုတေသနဌာန (UNITAR)က ကြီးမှူးကျင်းပသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ရာတွင် အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်းသည့်ဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ကျွမ်းကျင်ပညာရှင်များက ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအလွန် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုများ မြင့်မားလာခြင်းကို ကုစားနိုင်ရေးအတွက် အစိုးရများအနေဖြင့် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဖြောင့်မတ်တည်ကြည်မှုတို့ကို အလေးထား အကောင်အထည်ဖော်သင့်ပါကြောင်း၊ အဂတိလိုက်စားမှု အန္တရာယ်ဆန်းစစ်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာမူဘောင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးများသို့ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်နှင့်အတူ ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုး၊ ဦးကျော်ဝင်းသိန်း၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်များဖြစ်သော ဦးထိန်လင်း၊ ဦးဇော်မင်းထွန်းနှင့် အရာထမ်းများ တက်ရောက်ကြသည်။

သတင်းစဉ်

# ကျိုင်းတုံမြို့၌ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကျင်းပ

ကျိုင်းတုံ ဇူလိုင် ၁၄

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအား နှစ်စဉ်စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက ကျိုင်းတုံမြို့နယ် အခြေခံပညာမူလတန်း(လွန်) ယန်းခကျောင်း၌ ကျင်းပသည်။

သစ်ပင် စိုက်ပျိုးပွဲတွင် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်နှင့်တာဝန်ရှိသူများက အခြေခံပညာမူလတန်း (လွန်) ယန်းခကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများကို ပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ ပြည်နယ်ပညာရေးမှူးရုံးခွဲ (ကျိုင်းတုံ)မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး၊ လေထုသန့်စင်စေရေးနှင့် ရာသီဥတုမျှတစေရေးတို့အတွက် ရတနာတန်းဝင် ကျွန်းပျိုးပင်၊ အရိပ်ရလေကာ ထင်းရှူး၊ ချယ်ရီ၊ စိန်ပန်း၊ ယူကလစ်၊ ပိန္နဲ၊ မန်ကျည်းပျိုးပင် ၁၀၀ ကို ကျိုင်းတုံမြို့နယ် အခြေခံပညာမူလတန်း(လွန်)ယန်းခကျောင်းဝင်း မြေကွက်လပ်တွင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



# တာလေမြို့၌ ဂါလန် ၃၀၀၀၀ ဆံ့ တိုးချဲ့ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်မည်

တာလေ ဇူလိုင် ၁၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့၌ မြို့ပေါ်ရပ်ကွက်ရှိ ဒေသခံပြည်သူများအား သောက်သုံးရေလုံလောက်စွာဖြန့်ဝေပေးနိုင်ရေးအတွက် ဂါလန် ၃၀၀၀၀ ဆံ့ တိုးချဲ့ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်မည့်နေရာအား ယနေ့နံနက်ပိုင်းက တာဝန်ရှိသူတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



တာလေမြို့တွင် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်ရှိရာ စည်ပင်သာယာရေးဌာနမှ လက်ရှိတွင် ဂါလန် ၁၅၀၀၀ နှင့် ဂါလန် ၄၅၀၀၀ ဆံ့ ရေစုကန်နှစ်ကန်ဖြင့် အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်ရှိ ဒေသခံပြည်သူများသို့ နေ့စဉ်ရေဂါလန် ၆၂၀၀၀ အား ဖြန့်ဝေပေးလျက်ရှိပြီး မြို့ပေါ်ရှိ ရပ်ကွက်(၄)ရပ်ကွက်သို့ သောက်သုံးရေလုံလောက်စွာပေးဝေနိုင်ရေးအတွက် ဂါလန် ၃၀၀၀၀ ဆံ့ ရေစုကန်တစ်ကန် ထပ်မံတည်ဆောက်ရန်နှင့် ရေစုကန်တည်ဆောက်ပြီးစီးပါက မြို့တွင်း ရေဖြန့်ဝေပိုက်လိုင်းများ ဆက်လက်ဆောင်ရွက်ကာ ဒေသခံပြည်သူများအား သောက်သုံးရေလုံလောက်စွာဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ(ကျိုင်းတုံ)မှ ဌာနခွဲတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦး၊ မြို့အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်နှင့် တာဝန်ရှိသူတို့က တိုးချဲ့ရေပေးဝေနိုင်ရေးလုပ်ငန်းဆောင်ရွက်မည့် နတ်စင်ချောင်းတွင် Intake တည်ဆောက်မည့်နေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာလေမြို့စည်ပင်သာယာရေးဌာန ဦးစီးမှူး ဦးမနားရှီးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လိုက်လံရှင်းလင်းပြသပေးခဲ့ပြီး တာဝန်ရှိသူတို့က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

# အတ္တပရ၊ မျှမျှတတ ရောင်းဝယ်ဖောက်ကားကြစို့လား

**ခင်သန်းမြင့်**

ဒီနေ့တော့ သားငါးတွေက စားရတာ ရိုးအီလာတာကတစ်ကြောင်း၊ မတန်တဆ ဈေးခေါင်ခိုက်နေတာကတစ်ကြောင်းကြောင့် မြိုးခြံချွေတာတဲ့အနေနဲ့ ပဲကုလားဟင်းလေးချက်ပြီး ငရုတ်သီးဆားထောင်း ဒါမှမဟုတ် ငါးပိထောင်းလေးနဲ့ပဲ စားတော့မယ်လို့ စိတ်ကူးထားတယ်။

ကျွန်မတို့လို သာမန်အိမ်ရှင်မတွေအဖို့တော့ နေ့တိုင်းဟင်းကောင်းချည်းပဲ ဘယ်ချက်စားနိုင်ပါ့မလဲ။ ဝင်ငွေထွက်ငွေမျှတအောင်၊ မိသားစုတွေလည်း လျှာရင်းမြက်အောင် ဒီလိုပဲတွေးတောကြံဆ ဝယ်ရခြမ်းရတာပါပဲ။ တကယ်တော့ သားငါးပါမှ စားလို့မြိန်တာမှမဟုတ်တာ။ အစပ်အဟပ်တည့်အောင် စီမံချက်ပြုတ်နိုင်ရင်လည်း ထမင်းမြိန်တာပါပဲ။

ရှေးလူကြီးတွေပြောသလို ရှိတာလေးနဲ့ လှအောင်ဝတ်၊ ရတာလေးနဲ့ ဝအောင်စားတာပဲ ကောင်းပါတယ်။ ကိုယ်ရတဲ့ဝင်ငွေထက် ထွက်ငွေက ပိုများနေရင်တော့ အကြွေးတင်မှာပဲလေ။ ပိုပိုလျှံလျှံ သုံးစွဲချင်ရင်တော့ ပိုပြီးကြိုးစားလုပ်ကိုင်ရှာဖွေကြရမှာပေါ့။

အိမ်ထောင်စုတစ်စုလိုပဲ နိုင်ငံတစ်နိုင်ငံဆိုလည်း ဝင်ငွေနဲ့ထွက်ငွေမျှတအောင်၊ မကုန်သင့်တာမကုန်ရအောင်၊ နိုင်ငံ့ဝင်ငွေတိုးတက်အောင်၊ ငွေပိုငွေလျှံရအောင် စီမံခန့်ခွဲကြရတာပါပဲ။

**အသုံးစရိတ်ချွေတာရေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ၃၀-၆-၂၀၂၃ ရက်နေ့က ကျင်းပတဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးမှာ အသုံးစရိတ်ချွေတာရေးနဲ့ပတ်သက်ပြီး မဖြစ်မနေသုံးစွဲရန် လိုအပ်သည်များမှအပ ချွေတာသုံးစွဲကြဖို့၊ ဖြုန်းတီးမှုတွေမဖြစ်စေရေးအတွက် အသုံးစရိတ်များကို စနစ်တကျသုံးစွဲကြဖို့၊ အသေးစိတ်ကစပြီး ခြိုးခြံချွေတာနိုင်မှ ပြည်တွင်းလိုငွေပြမှုနဲ့ နိုင်ငံခြားလိုငွေပြမှုတွေကို လျှော့ချနိုင်မယ်။ ဒါကြောင့် ပြည်ပမှ ဝယ်ယူသုံးစွဲခြင်းထက် ပြည်တွင်းဖြစ်ထုတ်ကုန်တွေကိုအသုံးပြုဖို့ ပြောကြားသွားတာ သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။

တစ်ဆက်တည်းမှာပဲ "ပြည်ပသို့ တင်ပို့မှုမှ ရရှိသည့်ရောင်းရငွေနှင့် ပြည်ပမှဆီတင်သွင်းမှုကြောင့် ကုန်ကျငွေများမှာ မကာမိသည်ကို တွေ့ရှိရကြောင်း၊ မြေပဲနှင့်နှမ်းများကို ပြည်ပသို့တင်ပို့ခြင်းမရှိဘဲ ပြည်တွင်းဆီထုတ်လုပ်မှုအတွက်သာ အသုံးပြုမည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံမှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နှစ်စဉ် ပြည်ပမှ ဒေါ်လာသန်း ၆၀၀ ဖိုးခန့် ဆီတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း" ပြောကြားသွားခဲ့တယ်။

အလားတူပဲ ကြက်သွန်ဖြူအချို့ကိုလည်း ပြည်ပက တင်သွင်းနေရပြီး အာလူးစိုက်ပျိုးမှုမှာလည်း ပြည်တွင်းလိုအပ်ချက်လုံလောက်ရုံသာ စိုက်ပျိုးထုတ်လုပ်နိုင်သေးတယ်။ မီးဖိုချောင်သုံး

**"နာမည်ကျော်စာရေးဆရာကြီး ဆရာသော်တာဆွေကတော့ နိုင်ငံရေးဟာ မီးဖိုချောင်အရေးတဲ့။ မီးဖိုချောင်ထဲမှာ ငရုတ်၊ ကြက်သွန် တဒုံးဒုံးထောင်းပြီး စဉ်းတီတုံးမှာ အသား၊ ငါး တဒုတ်ဒုတ်ခုတ်နေရရင် တို့တိုင်းပြည် စည်ပင်သာယာဝပြောတာပဲလို့ဆိုတယ်။ ဒါကြောင့်မို့ ကုန်ထုတ်လုပ်သူများအနေနဲ့က ကုန်ထုတ်စွမ်းအားတွေ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြတဲ့နည်းတူ ရောင်းချသူတွေအနေနဲ့ကလည်း အတ္တပရ၊ မျှမျှတတ ရောင်းဝယ်ဖောက်ကား"**

**"ငရုတ်၊ ကြက်သွန်ကို ကြည့်ပါ။ မြန်မာပြည်မှာ ကိုယ့်ဘာသာကိုယ်စိုက်လို့မရဘူးလား၊ ကျွန်တော်ဆိုရင် ကျွန်တော့်အိမ်မှာ စိုက်ထားတယ်။ အိမ်ရာကွက်လပ်ရှိတဲ့နေရာမှာ ရှိတဲ့လူတွေက စိုက်ကြပါလား၊ ဒီလိုတော့မစိုက်ကြဘူး။ ဈေးထဲမှာ ဝယ်စားတော့ အဲဒီငရုတ်ကြက်သွန်တွေ ဘယ်ကလာသလဲ။ အိန္ဒိယပြည်ကလာတယ်။ အိန္ဒိယပြည်ကလာတော့ အိန္ဒိယပြည်ကို ခင်ဗျားတို့ပိုက်ဆံပေးနေရတယ်။ ဒီတိုင်းပြည်မှာရနိုင်တဲ့ပစ္စည်းကို တခြားနိုင်ငံကဝယ်ရတဲ့အတွက် ဈေးတွေကြီးတယ်ဆိုတာဟာ အခုလိုမျိုးအကြောင်းမျိုးတွေကြောင့်ပဲ" ဆိုပြီး ဗိုလ်ချုပ်က သူ့နောက်ဆုံးမိန့်ခွန်းမှာ ထည့်ပြောကြား"**

သီးနှံတွေဖြစ်တဲ့ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူးတို့ဟာ မိမိတို့နိုင်ငံမှာ မရှိမဖြစ်စားသုံးတဲ့ သီးနှံတွေဖြစ်သလို နိုင်ငံ့စီးပွားမြှင့်တင်ရေးမှာလည်း ကဏ္ဍတစ်ခုအနေနဲ့ပါဝင်နေတယ်။

မွေးမြူရေးကဏ္ဍနဲ့ပတ်သက်လို့လည်း ကြက်၊ ဝက်၊ ဆိတ်၊ နွားနဲ့ ငါးတို့ဟာ ကိုယ့်နိုင်ငံမှာ မွေးမြူဖြစ်ထွန်းတယ်၊ ဒါပေမဲ့ အသားငါးတွေရဲ့ဈေးနှုန်းတွေက မြင့်တက်နေတယ်။ အရေအတွက်များများထုတ်လုပ်နိုင်မှသာ များများရောင်းချနိုင်မှာဖြစ်တယ်။ ဝယ်လိုအားနဲ့ ရောင်းလိုအားမျှတအောင် မွေးမြူဖို့လိုတယ်လို့ ပြောကြားသွားတာကိုလည်း ဖတ်လိုက်ရတယ်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးကျင်းပတာက ဇွန်လ ၃၀ ရက်နေ့၊ သတင်းစာထဲမှာက ဇူလိုင်လ ၁ ရက်နေ့ဆိုတော့ သတင်းစာဖတ်ရင်း ကျွန်မဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို သတိရသွားတယ်။

**ဆီတွေ အမြောက်အမြားသွင်းနေရ**

ဗိုလ်ချုပ်က "ကျွန်တော်တို့ မြန်မာတွေမှာ ဆီမရှိလို့ မစားနိုင်ဘူးလို့ပြောကြတယ်။ ဆီမရှိလို့ မစားနိုင်တာမှန်ပါတယ်။ သို့သော်လည်းပဲ ဒီဆီကို ဘာအတွက်သုံးနေကြသလဲ။ ဗုံးပေါလအောသုံးသလား မသုံးဘူးလားဆိုတာ ဈေးတွေသွားကြည့်ပါ။ အိမ်တွေသွားကြည့်ပါ၊ သိနိုင်ပါတယ်။ တခြားနိုင်ငံကို သွားကြည့်ရင် ဆီကို ဒီလိုဗုံးပေါလအောသုံးသလား မသုံးဘူးလားဆိုတာသွားကြည့်ရင် သိနိုင်ပါလိမ့်မယ်။ ခင်ဗျားတို့စိတ်ထဲမှာတော့ ဘာမှအရေးမကြီးဘူးလို့ထင်တယ်။ ခင်ဗျားတို့ ဆီတွေ ဗုံးပေါလအောသုံးသည့်အတွက်ကြောင့် ကုလားပြည်က နှစ်စဉ် ဆီတွေ အမြောက်အမြားသွင်းနေရတယ်။ အဲဒါဈေးကြီးတဲ့အထဲမှာ အကြောင်းတစ်ရပ်ပဲ။

ပြီးတော့ ငရုတ်၊ ကြက်သွန်ကိုကြည့်ပါ။ မြန်မာပြည်မှာ ကိုယ့်ဘာသာကိုယ်စိုက်လို့မရဘူးလား၊ ကျွန်တော်ဆိုရင် ကျွန်တော့်အိမ်မှာ စိုက်ထားတယ်။ အိမ်ရာကွက်လပ်ရှိတဲ့နေရာမှာ ရှိတဲ့လူတွေက စိုက်ကြပါလား၊ ဒီလိုတော့မစိုက်ကြဘူး။ ဈေးထဲမှာ ဝယ်စားတော့ အဲဒီငရုတ်ကြက်သွန်တွေ ဘယ်ကလာသလဲ။ အိန္ဒိယပြည်ကလာတယ်။ အိန္ဒိယပြည်ကလာတော့ အိန္ဒိယပြည်ကို ခင်ဗျားတို့ ပိုက်ဆံပေးနေရတယ်။ ဒီတိုင်းပြည်မှာရနိုင်တဲ့ပစ္စည်းကို တခြားနိုင်ငံကဝယ်ရတဲ့အတွက် ဈေးတွေကြီးတယ်ဆိုတာဟာ အခုလိုမျိုးအကြောင်းမျိုးတွေကြောင့်ပဲ" ဆိုပြီး မြန်မာပြည်သူတွေကို သူ့နောက်ဆုံးမိန့်ခွန်းမှာ ထည့်ပြောကြားသွားတာကိုး။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးမှာ "စီးပွားရေးကောင်းမွန်မှုကို နိုင်ငံများ၌ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍစသည့် ကဏ္ဍသုံးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုကိုကြည့်၍ နိုင်ငံ၏ GDP ကို တွက်ချက်ကြသည်ကိုတွေ့ရကြောင်း၊ လယ်ယာစိုက်ပျိုးရေးတွင် မြေကိုအကျိုးရှိစွာ အသုံးချဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းဖြင့် လယ်ယာကဏ္ဍကြီးမှ GDP ပါဝင်မှုအချိုးသည် များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ ပြည်ပပို့ကုန်များလည်း များစွာတိုးတက်ပြောင်းလဲသွားနိုင်ကြောင်း" ပြောကြားသွားခဲ့ပါတယ်။

ဇူလိုင်လ ၂ ရက်နေ့ ရန်ကုန်မြို့ UMFCCI မှာ ကျင်းပတဲ့ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနဲ့ တွေ့ဆုံပွဲမှာလည်း နိုင်ငံတော်ဝန်ကြီးချုပ်က "မိမိတို့တာဝန်ယူရသည့်အချိန်တွင် ပြည်ပသွင်းကုန်များအစားထိုးနိုင်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်ရေးလုပ်ငန်းများတိုးမြှင့်နိုင်ရေး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းလိုအပ်ချက်များကိုပြည့်မီအောင်ထုတ်လုပ်ပြီး ပိုလျှံပါက ပြည်ပသို့ တင်ပို့နိုင်သည်အထိပါ စီမံဆောင်ရွက်လျက်ရှိကြောင်း။ UMFCCI အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ဝိုင်းဝန်းဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း။

UMFCCI သည် ရောင်းဝယ်ရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကြသူများဖြစ်ကြပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်အဖွဲ့များဖြစ်သောကြောင့် မိမိအနေဖြင့် အချိန်ယူတွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း။

အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များ ဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်း ဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန်မှီခိုနေရခြင်းကြောင့် အပြန်အလှန်အကျိုးရှိစေရေး တိုက်တွန်းပြောကြားလိုကြောင်း" စသဖြင့်ဆွေးနွေးမှာကြားသွားပါတယ်။

ဒါ့အပြင် UMFCCI ဟာ ရောင်းဝယ်မှုများကို အဓိကဆောင်ရွက်တဲ့ အဖွဲ့ဖြစ်တဲ့အတွက် ထုတ်ကုန်ပစ္စည်းများရှိမှသာ ရောင်းဝယ်မှုများကို ဆောင်ရွက်နိုင်မယ်။ အရေအတွက်များများ ရောင်းချနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ဖို့နဲ့ ထိုက်သင့်တဲ့အမြတ်နဲ့သာ ရောင်းချဖို့၊ နိုင်ငံအကျိုးအတွက်လည်းကြည့်ပြီး ချိန်ဆဆောင်ရွက်ကြဖို့ကိုလည်း ပြောကြားသွားပါတယ်။

ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုလို့ တစ်နေ့က ဒူးရင်းသီးဝယ်ပြီးအပြန် စိတ်ထဲ ကသိကအောက်ဖြစ်ခဲ့ရပုံကို ပြန်ပြီးအမှတ်ရမိတယ်။ ပြီးခဲ့တဲ့ရက်က လဆုတ်ရက်လည်းဖြစ်၊ ဒီရာသီမှာ ဒူးရင်းသီးလည်း တစ်လုံးမှမစားဖြစ်သေးလို့ သံတောင်သီးဆိုလား၊ တောင်ငူသီးဆိုလား တစ်လုံးဝယ်စားဖြစ်တယ်။ သေးသေးလေးတစ်လုံးကို ငါးထောင်တောင်ပေးခဲ့ရတယ်။

ဈေးသည်ကောင်လေးကို ဓားဦးဖျားနဲ့ ကော်ခိုင်းပြီး မှည့် မမှည့်၊ ကောင်း မကောင်း အရင်ဆုံး မြည်းစမ်းကြည့်မိတယ်။ စိတ်တိုင်းမကျလို့ "ဒူးရင်းသီးလေးတွေက သေးတယ်နော်၊ နောက်တစ်လုံး မြည်းလို့ရဦးမလား"ဆိုတော့ "ကြီးကြီးစားချင်ရင် ယိုးဒယားသီးစားလေ" ဆိုတဲ့ မခိုးမခန့်လေသံနဲ့ နောက်တစ်လုံးကို ဓားဦးဖျားနဲ့ကော်ပြီးပေးတယ်။

ကျွန်မလည်း စကားနည်းရန်စဲ "မမြည်းတော့ပါဘူး"ဆိုပြီး တစ်ခါတည်းခွဲခိုင်းလိုက်တော့ လုံးအရေပြားထက် နီးတစ်ဖျားသာသာ အမွှာငါးမွှာပဲ ရတယ်။ တစ်မွှာကို ငွေကျပ်တစ်ထောင်နှုန်းပေါ့၊ စိတ်ထဲကသိကအောက်ဖြစ်မိပေမယ့် စားသုံးသူတချို့ဆို ကိုယ့်ထက်ကံဆိုးရှာတယ်။ အလုံးလိုက်ဝယ်လာပြီး အိမ်ကျမှခွဲတာ တစ်မွှာမှပါမလာလို့ ဖေ့စ်ဘွတ်ပေါ်တက်ပြီး ရင်ဖွင့်တာ တစ်လောက ဖတ်လိုက်ရတယ်။ ဒီမှာက သူ့အရပ်နဲ့ သူ့ဇာတ်ဖြစ်နေတာကြာပြီပဲ။ ဘယ်မှာလဲ စားသုံးသူအခွင့်အရေး။

**မတန်တဆတင်ရောင်း**

ဒါကြောင့်မို့လည်း ကိုယ့်နိုင်ငံက ဒူးရင်းသီးတွေက ပြည်တွင်းဈေးကွက်မှာတောင် တဖြည်းဖြည်းနောက်ရောက်လာပြီ။ မကြာမီ နောက်ကောက်ကျတော့မယ်။ အရည်အသွေးအပိုင်းလည်း မမီ၊ ဈေးကိုလည်း မတန်တဆတင်ရောင်းနေကြတာကိုး။

ကျွန်မကတော့ စိတ်ထဲမှာဆုံးဖြတ်ချက်တစ်ခုချလိုက်တယ်။ ဒီလို အတ္တပရ၊ မျှမျှတတ ရောင်းဝယ်ဖောက်ကားမှုမရှိတဲ့ဆိုင်တွေ၊ ဈေးနှုန်းကို မတန်တဆတင်ပြီး ထိုက်သင့်သလောက်ဝန်ဆောင်မှုမပြုနိုင်တဲ့ ဈေးဆိုင်တွေကို အားမပေးတော့ဘူးလို့ပေါ့။ သက်ဆိုင်ရာတာဝန်ရှိသူအပိုင်းကလည်း ဒီလိုအများအကျိုးကိုမျက်ကွယ်ပြု၊ အတ္တကို လွန်လွန်ကဲကဲရှေ့တန်းတင်နေကြတဲ့ ဝိသမလောဘသားတွေကို ဒီအတိုင်းကြည့်မနေကြပါနဲ့။ စည်းမျဉ်းစည်းကမ်းနဲ့အညီ ထိန်းချုပ်ပေးပါဦး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက်ဆိုရင် ဘက်စုံထောင့်စုံ ဘက်ပေါင်းစုံက ညီညီညာညာ၊ အချိတ်အဆက်မိမိ ဆောင်ရွက်မှသာ ဖြစ်မှာလေ။

ကျွန်မလည်း ဈေးသွားရင်းမတ်တတ် မီးဖိုချောင်အရေးကိုစကစပြီး နိုင်ငံနဲ့ချီကာ တွေးမိပြောနေမိပြန်ပါပြီ။ ဒါပေမဲ့ နာမည်ကျော်စာရေးဆရာကြီး ဆရာသော်တာဆွေကတော့ နိုင်ငံရေးဟာ မီးဖိုချောင်အရေးတဲ့။ မီးဖိုချောင်ထဲမှာ ငရုတ်၊ ကြက်သွန် တဒုံးဒုံးထောင်းပြီး စဉ်းတီတုံးမှာ အသား၊ ငါး တဒုတ်ဒုတ်ခုတ်နေရရင် တို့တိုင်းပြည် စည်ပင်သာယာဝပြောတာပဲလို့ဆိုတယ်။ ဒါကြောင့်မို့ ကုန်ထုတ်လုပ်သူများအနေနဲ့က ကုန်ထုတ်စွမ်းအားတွေမြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြတဲ့နည်းတူ ရောင်းချသူတွေအနေနဲ့ကလည်း အတ္တပရ၊ မျှမျှတတရောင်းဝယ်ဖောက်ကားကြစို့လား။ ။

## အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၃၈ / ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

**အမျိုးသားဒီမိုကရေစီပါတီသစ်(NEW NATIONAL DEMOCRACY PARTY)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ ခြံအမှတ်(၇၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)** ကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)** ၏ မှတ်ပုံတင်အမှတ်မှာ (၃၃) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၃၉ / ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်
**(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)**

**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်ခင်းရပ်၊ ဖက်ခင်းလမ်း၊ ခြံအမှတ်(၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ(NIDP)** ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP)**၏ မှတ်ပုံတင်အမှတ်မှာ (၃၄) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တရုတ်-အာဆီယံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံတကာဖိုရမ် တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၄**

တရုတ်နိုင်ငံ ကွေ့လင်းမြို့၌ ရောက်ရှိနေသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် ကွေ့လင်းမြို့ Grand Bravo Hotel ၌ ကျင်းပသည့် တရုတ်-အာဆီယံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံတကာဖိုရမ်သို့ တက်ရောက်သည်။

**အမှာစကား ပြောကြား**

နိုင်ငံတကာဖိုရမ်တွင် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့ကွန်ကရက် ဒုတိယဥက္ကဋ္ဌ၊ UNDP တရုတ်၏ ဒုတိယဌာနေကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနှင့် မလေးရှားနိုင်ငံတို့မှ သိပ္ပံနှင့်နည်းပညာဆိုင်ရာဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့မှ ကိုယ်စားလှယ်များက အမှာစကားပြောကြားကြသည်။

ထို့နောက် ကျွမ်းကျင်ပညာရှင်များက Sustainable Development ဆိုင်ရာ ကဏ္ဍများကို ဆွေးနွေးကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကွေ့လင်းမြို့တော်ဝန် လီချူက အာဆီယံနိုင်ငံများမှ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဝန်ကြီးများနှင့် ကိုယ်စားလှယ်တော်ကြီးများကို တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကွေ့လင်းမြို့ရှိ တက္ကသိုလ်များ၌ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို တွေ့ဆုံ၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။




**ကြည့်ရှုလေ့လာ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လီမြစ်အတိုင်း ကွေ့လင်းမှ ရန်ရှို့သို့ သင်္ဘောဖြင့် သွားရောက်၍ တရုတ်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုနှင့် ကမ္ဘာလှည့်ခရီးသွားမြို့ဖြစ်သည့် ကွေ့လင်းမြို့၏ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တွေမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဇူလိုင် ၁၄**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာများသို့ ကွင်းဆင်းပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။



**စားရေရိက္ခာဖူလုံရေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် ငတောက်တက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ရပ်ရွာ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းအလွန်တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အကြီးအကဲက ပြန်လည်ထူထောင်ရေးကိစ္စများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားထားကြောင်း၊ စားရေရိက္ခာဖူလုံရေးသည် အဓိကဖြစ်ကြောင်း၊ အမိုးအကာအောက် ရောက်ရှိရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်ပြီး လစ်ဟင်းမှုမရှိစေရေးတို့ကို မှာကြားခဲ့ကြောင်း၊ မှာကြားချက်များအပေါ် အကောင်အထည်ဖော်ရန် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများကိုယ်တိုင် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိခြင်းကြောင့် အချိန်တိုအတွင်းမှာပင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များကိုလည်း ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ ကျေးရွာသူ ကျေးရွာသားများ အနေဖြင့် ကြိုးစား လုပ်ဆောင်ကြစေလိုကြောင်း၊ မိမိတို့ရပ်ရွာအတွက် ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ကဏ္ဍများနှင့်ပတ်သက်သည့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများက ရခိုင်ပြည်နယ်အတွင်း မိမိတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျေးရွာသူ ကျေးရွာသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားများ ပြောကြားပြီး သီးစုံဒံပေါက်များ ဝေငှပေးကြသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျားမသောက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး သီးစုံဒံပေါက်နှင့် စားသောက်ဖွယ်ရာများ ဝေငှပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြပြီး လုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စားလိုလျှင် အပင်ပျိုးကြမှ

အန်ကယ်ပညာ

**ဆရာကြီး လယ်တွင်းသားစောချစ်က မိမိတို့၏ ရင်သွေးငယ်များကို နုနုနယ်နယ်ကလေးငယ်ဘဝမှ လူလားမြောက်ချိန်အထိ ကျန်းမာပျော်ရွှင်သည့် သားကောင်း သမီးကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်တတ်စေရေးအတွက် မိဘနှင့်ဆရာများကို လမ်းပြပေးသည့် "ပန်းလိုချင် အပင်ကိုပျိုးတတ်မှ" စာအုပ်ကို ရေးသားခဲ့ပါသည်။ ထိုစာအုပ်သည် ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်ကချီးမြှင့်သည့် အမျိုးသားစာပေဆုရရှိခဲ့ပါသည်။**



ခေါင်းစဉ်ချင်း ခပ်ဆင်ဆင်ယူထားသည့် ဤဆောင်းပါးသည်ကား အလျဉ်းမသင့်လျှင် အချို့သောနေရာများတွင် စာရေးသူကိုပင် ပြိုငြင်နိုင်စရာဖြစ်နိုင်ပါ၏။ ဤသို့ဖြစ်လျှင်လည်း စေတနာကောင်းနှင့်အလျဉ်းမသင့်မှုဟုသာ မှတ်ယူကြပါကုန်။

ရှေးမြန်မာမင်းများ လက်ထက်ကတည်းက စစ်ထွက်သွားလျှင် မပါမဖြစ် ယူဆောင်သွားကြသည်မှာ မျိုးရေရိက္ခာတို့ပင်ဖြစ်၏။ စစ်သည်ဗိုလ်ပါ အပေါင်း၏ ခွန်အားကို ဖြစ်စေရန်နှင့် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် နေ့စဉ်လိုအပ်ချက်ကို စီမံသွားကြခြင်း ဖြစ်၏။ ဤတွင် "မျိုး"ဟူသည့်ဝေါဟာရကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် လူတို့စားသုံးအပ်သည့်ရိက္ခာအဖြစ် ပြောင်းလဲယူနိုင်သည့် အရာနှစ်မျိုးကိုတွေ့ရ၏။ တစ်မျိုးမှာ စားသုံးရန်အတွက် အသီး၊ အပွင့်၊ အရွက်နှင့်ဥတို့ကိုရရှိစေသည့် အပင် "မျိုး"ဖြစ်၏။ နောက်တစ်မျိုးမှာ အသားနှင့် ဥတို့ကို ရစေသည့် ကြက်၊ ဝက်ကဲ့သို့သော အကောင်"မျိုး" ဟူ၍ဖြစ်၏။

### နောင်ကာလများတိုင် တည်မြဲနေဦးမည်

စာရေးသူတို့ ငယ်စဉ်ကလည်း စစ်ဆင်ရေး တာဝန်ကျရာနေရာများသို့ ဘူး၊ ဖရုံ၊ ငရုတ်၊ ချဉ်ပေါင်၊ မုန်ညင်း၊ တိုင်ထောင်ပဲ စသည့် မျိုးစေ့များ သယ်ဆောင်သွားကြ၏။ မိမိတို့ တာဝန်ကျရာနေရာများတွင် စိုက်ပျိုးခြင်းဖြင့် စစ်ဆင်ရေးကာလတစ်လျှောက်လုံး အသီးအရွက်အတွက် ပူပင်စရာမရှိပေ။ ထိုမျှမကသေး သက်တမ်းမကုန်သေးသည့် အပင်များက နောက်ထပ်ရောက်လာသည့် တပ်များအတွက်ပင် ကျေးဇူးပြုကြသေး၏။ အသားနှင့် ဥ အတွက်ကား သယ်ဆောင်လာစရာမလိုပေ။ စစ်ဆင်ရေးတာဝန်လွှဲပြောင်းချိန်တွင် ယခင်လူတို့ မွေးမြူထားသည့်ကြက်များကို တန်ရာတန်ကြေးဖြင့် လက်ခံထားလိုက်ရုံသာဖြစ်၏။ မိမိတို့ကာလတွင် အတိုးအပွားတို့ကို စားကြ၏။ အလွှဲအပြောင်းအချိန်များတွင် မျိုးများကို ဤနည်းဖြင့် ထားခဲ့ကြလေ့ရှိ၏။ ထိုအစဉ်အလာမှာ ယခင်မှ ယခု၊ ယခုမှ နောင်ကာလများတိုင် တည်မြဲနေဦးမည်ဟု ယုံကြည်ပါ၏။

စစ်ဆင်ရေးသို့ ယူဆောင်သွားသည့် မျိုးစေ့ထဲတွင် ထူးထူးကဲကဲ အမှတ်တရရှိလှသည့် မျိုးစေ့တစ်မျိုးမှာ ဆေးရွက်ကြီးမျိုးဖြစ်၏။ လူအတွက် အန္တရာယ်ရှိသည့် ဆေးရွက်ကြီးမျိုးကိုမှ ပမာဆောင်ရသလောဟု မေးရန်ရှိပေလိမ့်မည်။ လူသူမနီးသည့် တောကြီးမျက်မည်းတွင် ကာလရှည်ကြာတာဝန် ထမ်းဆောင်ရင်း ဆေးရွက်ကြီးပြတ်သည့် ဒုက္ခကို ကြုံဖူးသူများသာ သိကြပေမည်။ ထို့အတွက် ထိုတစ်ခေါက်က ဗာဂျီးနီးယားဆေးရွက်ကြီး မျိုးစေ့ ပရုတ်ဆီဘူးဝက်ခန့်ကို မြေဆွ၍ ကြဲထားလိုက်၏။ အပင်အရွယ်သုံးလက်မခန့်ရှိချိန်တွင် အဖွဲ့အားလုံးသို့ ခွဲဝေပေးပြီး စိုက်စေရာ အပင်အားလုံးဖြစ်ထွန်းသည်ကို တွေ့ရ၏။ ရင့်၍ ဝါလာသည့် အရွက်များကို ဓားဖြင့်လှီး၍ အခြောက်လှန်းကြ၏။ ထိုအရွက်ခြောက်တို့သည် ပွတ်ချွန်းအဖြစ်ဖြင့် လူတို့ကို အသုံးတော်ခံကြလေ၏။

အဖွဲ့လိုက်စိုက်သည့် ဆေးရွက်ကြီးပင်အားလုံး ဖြစ်ထွန်းသည်ဟု ဆိုခဲ့၏။ ထိုသူတို့သည် ဆေးရွက်ကြီးပြတ်လျှင် နေမထိထိုင်မသာ ရှိလှသည်ကိုသိ၏။ ထိုဒုက္ခမှ လွတ်ကင်းရန် ထိုအပင်ကို ရှင်သန်ဖြစ်ထွန်းအောင်စိုက်မှဖြစ်မည်ကိုသိ၏။ သို့အတွက် ပုံမှန်မြေဆွ၏။ ဆန်ဆေးရေတို့ကို နေ့စဉ်လောင်း၏။ ကြက်မယက်နိုင်အောင် အကာအရန်တို့ကိုပြု၏။ အိပ်တန်းအောက်မှ ရသမျှသော ကြက်ချေးတို့ကို အပင်ခြေတွင် ပုံပေး၏။ အပင်တို့ကို မိုးလင်းမှ မိုးချုပ် အရိပ်တကြည့်ကြည့်နှင့် ပြုစုယုယကာ စောင့်ရှောက်ရင်း ကျေနပ်နေကြ၏။ အဘယ်မှာလျှင် မဖြစ်ထွန်းဘဲ နေပါအံ့နည်း။

### မျိုးကောင်းရွေး၍ စိုက်ခဲ့

လွန်ခဲ့သည့် သုံးလက ရာသီအမီစိုက်ပျိုးနိုင်ရန် အိမ်တွင် ပျိုးအိတ်နှင့် ပျိုးထားသည့် သရက်၊ ပိန္နဲ၊ ခွေးတောက်နှင့် ငရုတ်ပင်တို့အနက် အချို့ကို ဘုန်းကြီးကျောင်းများသို့ လှူ၏။ ကျန်အချို့ကို တစ်ဦးချင်းနှင့် အဖွဲ့လိုက်စိုက်ကြရန် အချိုးကျခွဲဝေပေးလိုက်၏။ သရက်၊ ပိန္နဲနှင့် ခွေးတောက်တို့မှာ စာရေးသူ လက်ရှိနေသည့်အိမ်တွင် ယခင်နေထိုင်သူများ စိုက်ပျိုးထားခဲ့သည့်အပင်တို့မှ ရရှိသည့် မျိုးစေ့ကိုပျိုးခြင်းမှ ရရှိခြင်းဖြစ်၏။ ယခင်လူတို့ မျိုးကောင်းရွေး၍စိုက်ခဲ့သဖြင့် အသီးအရွက်ကောင်းတို့ကို စားရ၏။ ခူးရင်း၊ စားရင်း၊ ပေးရင်း၊ ဝေရင်း သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိပါ၏။ ငရုတ်ပင်များမှာ ထီးလင်းနယ်ဘက်မှ ပြောင်းရွှေ့ရောက်ရှိလာသူက လက်ဆောင်ပေးသဖြင့် မျိုးပွားထားသည့် ယောငရုတ်များဖြစ်၏။ အတောင့်ကြီးပြီး အလွန်စပ်သည့်မျိုးဖြစ်၏။

ထိုပျိုးပင်များကို စိုက်ပျိုးကြရင်း ထာဝရကုသိုလ်ယူကြသူများ၏ ငရုတ်သီးစိမ်းလာပို့၍ ငရုတ်သီးစားနေရပြီဖြစ်ကြောင်း လက်တွေ့ပြသည်ကိုလည်း တွေ့ရ၏။ ခွေးတောက်ညွန့် ဟင်းချိုချက်နေရပြီဖြစ်ကြောင်း၊ သရက်၊ ပိန္နဲတို့ ရွက်နုထွက်နေကြကြောင်း စသည့်သတင်းစကားအဖြစ်လည်းကြားရ၏။ အချို့ကမူ မြေနှင့် ရေကို အကြောင်းပြု၍ မဖြစ်မြောက်ကြောင်းပြောကြ၏။ အချို့မှာကား ပိုးကိုက်၍ သေကြလေပြီဆိုသတည်း။

### ရှင်သန်ဖြစ်ထွန်းအောင်စိုက်မည်ဟူသည့် စေတနာကိုအရင်းခံ

ဤနေရာတွင် အထက်တွင် ဖော်ပြခဲ့သည့် ရှေ့တန်းတစ်နေရာက ဖြစ်ထွန်းသည့် ဆေးရွက်ကြီးပင်ကို မင်းသားကြီးအရာထား၍ ပြောရပေဦးမည်။ ရေမလွယ်၊ မြေမကောင်းသည့်နေရာပင် ဖြစ်လင့်ကစား ရှင်သန်ဖြစ်ထွန်းအောင် စိုက်မည်ဟူသည့် စေတနာကို အရင်းခံအဖြစ် တွေ့ရပေသည်။ ထိုစေတနာပေါ်မူတည်၍ ပြုစုစောင့်ရှောက်ခြင်းသည် နောက်ကလိုက်လာ၏။ တစ်ဖန် ထိုပြုစုစောင့်ရှောက်ခြင်းသည်ပင် အပင်တို့ ရှင်သန်ဖြစ်ထွန်းရေးအတွက် အဓိကလိုအပ်ချက် ဖြစ်နေပြန်၏။ သို့ဖြစ်၍ အပင်တို့အပေါ် ထားရှိသည့် စေတနာနှင့် အပင်ရှင်သန် ဖြစ်ထွန်းမှုသည် တိုက်ရိုက်အချိုးကျသည်ဟု ဆိုရပေမည်။ ထို့ကြောင့် ဆိုခဲ့သည့်အတိုင်း အမျိုးတူ၊ အရွယ်တူ ပျိုးပင်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စိုက်ခဲ့ကြသော်လည်း စေတနာထက်သန်မှုနှင့် ချို့တဲ့မှုအပေါ် မူတည်၍ စားရပြီနှင့် သေကြလေပြီဟူ၍ ရလဒ်ကွဲပြားကြလေတော့သည်။

သို့ရာတွင် စေတနာထက်သန်စွာ စိုက်ပျိုးပြုစုစောင့်ရှောက်ခဲ့ကြသော်လည်း စားရချိန်တွင် သေကြလေပြီဆိုသည့်ဖြစ်ရပ်လည်း ရှိသေး၏။ ထိုဖြစ်ရပ်သည် မကြာသေးမီ လပိုင်းအတွင်းက နေပြည်တော်တွင်ဖြစ်ခဲ့၏။ သေကြလေပြီဆိုသည့် အကြောင်းကို မပြောမီ စားရချိန်အကြောင်းကို ဦးစွာပြောလို၏။ စားရချိန်ရောက်ဖို့ကား ၁၀ နှစ်နီးပါးကြာ၏။ နေပြည်တော်သို့ တာဝန်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာသည့် အိမ်ထောင်မရှိသူ အပျိုများအား ဝန်ထမ်းအပျိုဆောင်များတွင် နေရာချထားပေး၏။ ထိုအပျိုဆောင်များတွင် နေထိုင်ကြသူများအနက် စိုက်ပျိုးရေးကို ဝါသနာပါသူများသည် အဆောင်ဘေး မြေကွက်လပ်များတွင် နှစ်ရှည်စားပင်၊ ပန်းအလှပင်များကို သူ့အပင်၊ ကိုယ့်အပင် ဟူ၍ ကိုယ်ပိုင်အချိန်များတွင် စိုက်ပျိုးထားကြ၏။

ထိုသို့စိုက်ပျိုးခြင်းသည် မြေကွက်လပ်အပေါ် မူတည်၍ စိုက်ပျိုးကြခြင်းဖြစ်၍ အကွက်မကျသော်လည်း အဆောင်အတွက် အရိပ်ကိုပေး၏။ လေပြင်းဒဏ်ကာကွယ်၏။ စိုက်ပျိုးသူနှင့် အဆောင်နေသူများအတွက် အသီးအရွက်တို့ရ၏။ စိမ်းလန်းစိုပြည်မှုဖြင့် မျက်စိပသာဒ ဖြစ်စေ၏။ ထိုသို့အချိန်ယူစိုက်ပျိုးခဲ့ကြသည့် သီးပင်စားပင်တို့သည် တစ်ရက်၊ နှစ်ရက်မျှသော အချိန်တိုလေးအတွင်း ငုတ်တိုဘဝရောက်ရရှာလေ၏။ သေကြလေပြီဆိုသည်နှင့် ဘာများခြားနားပါအံ့နည်း။ အကြောင်းမှာ စစ်ဆေးရေးဝင်ရန်ရှိသောကြောင့်ဟူ၏။ သို့ရာတွင် ထိုအဆောင်တို့ ဝန်းကျင်ရှိ ပေါင်းမြက်ချုံပုတ်တို့မှာ နဂိုအနေအတိုင်းသာတည်း။

### သူတစ်ပါး၏ ဒါနသာဖြစ်

အချုပ်အားဖြင့်ဆိုရလျှင် ယခုအချိန်အခါသည် ဌာနအလိုက်၊ မြို့ရွာအလိုက်၊ အစုအဖွဲ့အလိုက် သစ်ပင်စိုက်ပျိုးခြင်းကို ပွဲတော်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်လျက်ရှိကြ၏။ ထိုနည်းတူစွာ မိသားစုအလိုက်၊ လူတစ်ဦးချင်းအလိုက်လည်း နှစ်ရှည်စားပင်များကို တစ်နိုင်စိုက်ပျိုးပွဲလေးများ အသွင်ဖြင့် စိုက်ပျိုးသင့်သည်ထင်၏။ ယခုသင်စားနေသည့် အသီး၊ အပွင့်၊ အရွက်တို့သည် သင်စိုက်ပျိုးခဲ့ခြင်း မဟုတ်လျှင် သူတစ်ပါး၏ ဒါနသာဖြစ်၏။ ကိုယ်တိုင် ဒါနရှင်ဖြစ်ရန်နှင့် ကိုယ်တိုင်စားနိုင်ရန်အတွက် ကိုယ်တိုင်စိုက်ပျိုးရမည်သာဖြစ်၏။ ဤသို့ စိုက်ပျိုးခြင်းသည်ပင် အနာဂတ်မျိုးဆက်သစ်များနှင့် ဤကမ္ဘာကြီးအတွက် လက်ဆောင်ပေးခြင်း၊ အမွေပေးခြင်းဖြစ်ပေ၏။ ။

> **"ရေမလွယ်၊ မြေမကောင်းသည့်နေရာပင်ဖြစ်လင့်ကစား ရှင်သန်ဖြစ်ထွန်းအောင်စိုက်မည်ဟူသည့် စေတနာကို အရင်းခံအဖြစ် တွေ့ရပေသည်။ ထိုစေတနာပေါ်မူတည်၍ ပြုစုစောင့်ရှောက်ခြင်းသည် နောက်ကလိုက်လာ၏။ တစ်ဖန် ထိုပြုစုစောင့်ရှောက်ခြင်းသည်ပင် အပင်တို့ ရှင်သန်ဖြစ်ထွန်းရေးအတွက် အဓိကလိုအပ်ချက်ဖြစ်နေပြန်၏။ သို့ဖြစ်၍ အပင်တို့အပေါ် ထားရှိသည့်စေတနာနှင့် အပင်ရှင်သန်ဖြစ်ထွန်းမှုသည် တိုက်ရိုက်အချိုးကျသည်ဟု ဆိုရပေမည်။ ထို့ကြောင့် ဆိုခဲ့သည့်အတိုင်း အမျိုးတူ၊ အရွယ်တူပျိုးပင်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စိုက်ခဲ့ကြသော်လည်း စေတနာထက်သန်မှုနှင့် ချို့တဲ့မှုအပေါ်မူတည်၍ စားရပြီနှင့် သေကြလေပြီဟူ၍ ရလဒ်ကွဲပြား"**

## ကော့သောင်းမြို့၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လေကာတန်းအုန်းပင်စိုက်ပျိုးပွဲ ကျင်းပ




ကော့သောင်း ဇူလိုင် ၁၄

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့တွင်သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်မှု တစ်ရပ်အနေဖြင့် လေကာတန်း အုန်းပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်စနာရီက သီရိမြိုင် ရပ်ကွက် (၃)မိုင် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စစ်ဗျူဟာမှူး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်သစ်တောဦးစီးဌာန တာဝန်ရှိသူများက ကော့သောင်းမြို့အတွင်း သဘာဝဘေးကြုံတွေ့နိုင်သည့်နေရာ ဖြစ်သည့် (၃)မိုင်ပြည်သူ့ရင်ပြင်တွင် လေကာတန်းအဖြစ် အုန်းပင်ပေါက် အပင်၁၀၀ ကိုသတ်မှတ်ထားသည့် နေရာများတွင် စနစ်တကျ စုပေါင်းစိုက်ပျိုးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဒုတိယဝန်ကြီး ဦးမြင့်စိုး ကျောင်းကုန်း၊ ပန်းတနော်မြို့နယ်ရှိ မိုးစပါးစိုက်တောင်သူများနှင့် တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကျောင်းအုပ်ဆရာမကြီးက သင်တန်းကျောင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သမဝါယမ စာရင်းရေးစာရင်းကိုင် ပညာရပ်များကို ကြိုးစားသင်ယူ၍ လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ရေး၊ သမဝါယမကောလိပ်နှင့် တက္ကသိုလ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရသည်အထိ ကြိုးစားသင်ယူရေးနှင့် သင်တန်းနည်းပြ ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးတို့ကို အလေးထား ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ် တံခွန်တိုင်စိုက်ပျိုးရေး ပညာပေးစခန်း၌ သမဝါယမအသင်း အမှုဆောင်များ၊ အသင်းသားတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျောင်းကုန်းမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက တောင်သူများကို စိုက်ပျိုးရေးအသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မိုးစပါးစိုက်ပျိုးရာသီတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးရေးနည်းပညာများကို အလေးထားလိုက်နာ ဆောင်ရွက်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံစေရန်အတွက်ဆီထွက်သီးနှံစိုက်ပျိုးရာသီတွင် အောင်မြင်အောင် စိုက်ပျိုးကြရေးနှင့် ဝင်ငွေရသီးနှံဖြစ်သည့်အပြင် ဒေသတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းကိုပါ အထောက်အကူဖြစ်စေသည့် ပီလောပီနံစိုက်ပျိုးရေးကို တိုးချဲ့စိုက်ပျိုးရန် တိုက်တွန်းဆွေးနွေးမှာကြားပြီး အသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများ၏ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့နယ် သမဝါယမအသင်းစုရုံးသို့ သွားရောက်၍ သမဝါယမအသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများနှင့်တွေ့ဆုံပြီး မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အဆိုပါရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ခရိုင်၊ မြို့နယ်အဆင့်ဝန်ထမ်းများနှင့် တွေ့ဆုံပြီး စုစည်းညီညွတ်စွာဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပန်းတောင်းမြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ပန်းတောင်း ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဥသျှစ်ပင်မြို့မဈေးရှေ့၌ ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများက အခြေခံစားသောက်ကုန်များကို ပြင်ပထက်သက်သာသောဈေးနှုန်းဖြင့် ဆိုင်ခန်းများဖွင့်လှစ်ကာ ဇူလိုင် ၁၃ ရက် နံနက် ၇ နာရီက စတင်ရောင်းချပေးလျက်ရှိသည်။

ယင်းသို့ရောင်းချရာတွင် ဆန်တစ်ပြည် ငွေကျပ် ၂၀၀၀၊ ကြက်ဥ ၁၀ လုံး ငွေကျပ် ၂၀၀၀၊ ကြက်သား၊ အမဲသား၊ ဝက်သား၊ ငါးတို့ကို တစ်ဆယ့်နှစ်ကျပ်ခွဲသားတစ်ထုပ်လျှင်ငွေကျပ်၂၀၀၀ နှုန်းနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်စွာရောင်းချပေးလျက်ရှိရာ ပြင်ပဈေးနှုန်းထက် သက်သာသည့်အတွက် လာရောက်ဝယ်ယူသူများ စည်ကားလျက်ရှိသည်။

ယင်းသို့ရောင်းချနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအေးကြိုင်၊ မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဈေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အလှည့်ကျတာဝန်ယူစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခ လွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း နှစ်အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ နှစ်အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ တစ်အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | မောင့်ထံပါးသို့နားပါရစေ | နေဗလ် | ဦးစိုးမင်းအောင်<br>ချန့်ချန်စာပေ |
| ၂။ | မောင့်တီရှပ်လေးမိုးမမိစေချင် | မြလွမ်းမိုးဆွေ | ဦးဝင်းသူရလွင်<br>အိပ်မက်အသစ်စာပေ |
| ၃။ | ရသစာစဉ် (၆) မိုးတိမ်ငယ်<br>သုတရသစာပေပျိုးခင်း | ကလောင်စုံ | ဦးနိုင်ဝင်းဇော်<br>မိုးကောင်းမြေစာပေတိုက် |
| ၄။ | နိဗ္ဗာနသုခါဒီပကာသနီကျမ်းနှင့် မာနာဒိမိစ္ဆာဘိမဒ္ဒနနိဗ္ဗာန်ကျမ်း | ဘဒ္ဒန္တသူရိယမဟာထေရ် | ဦးချစ်ညွန့်<br>ဇင်ရတနာစာစာပေ |
| ၅။ | အစ်ကိုထားခဲ့တဲ့နေရာမှာကျွန်တော်စောင့်နေတယ် | ပိုင်သွန်<br>(Phython) | ဦးမျိုးသူစိုး<br>ခေတ်စာအုပ်တိုက် |
| ၆။ | အပျိုရောင်ည | ခေတ်ပျိုဖြူ | ဦးမျိုးသူစိုး<br>ခေတ်စာအုပ်တိုက် |
| ၇။ | သူမနဲ့ကျွန်တော် | ခေတ်ပျိုဖြူ | ဦးမျိုးသူစိုး<br>ခေတ်စာအုပ်တိုက် |
| ၈။ | You Can Change<br>မင်းပြောင်းလဲနိုင်ပါတယ် | Min Khant(Verse) | ဦးမျိုးသူစိုး<br>ခေတ်စာအုပ်တိုက် |
| ၉။ | လွတ်မြောက်ခြင်း(ဗုဒ္ဓနည်းကျစိတ်ခွန်အားဖြည့်စာများ) | ဂျူန | ဦးမျိုးသူစိုး<br>ခေတ်စာအုပ်တိုက် |
| ၁၀။ | အနမ်းဦးနှင့်ရသဝတ္ထုတိုများ | အောင်မှူးချို(ရွှေကူ) | ဦးမျိုးသူစိုး<br>ခေတ်စာအုပ်တိုက် |
| ၁၁။ | စနေမောင်မောင်နှင့် မြေလျှိုးမိုးပျံဂိုဏ်း | မင်းသိခ် | ဦးဝင်းဇော်<br>မရမ်းတလင်းစာပေ |
| ၁၂။ | ဟန်ချက်ညီသောခြေလှမ်းများ | မင်းထက်ဟန် | ဦးမင်းထက်ဟန်<br>တောင်ဇလပ်နီစာပေ |

ပြန်ကြားရေးဝန်ကြီးဌာန

# ထိုင်းပါလီမန်က ဝန်ကြီးချုပ်အသစ် ဒုတိယအကြိမ်ရွေးချယ်မှုကို ဇူလိုင် ၁၉ ရက်တွင် ကျင်းပမည်



**ဗန်ကောက် ဇူလိုင် ၁၄**

ထိုင်းပါလီမန်သည် ဝန်ကြီးချုပ်အသစ် ဒုတိယအကြိမ်ရွေးချယ်မှုကို ဇူလိုင် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဝမ်မုဟာမက်နူအာမာသာက ယနေ့ အတည်ပြုပြောကြားသည်။

ပြီးခဲ့သည့် ဝန်ကြီးချုပ်အသစ်ရွေးချယ်မှုတွင် ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းထားသည့် တစ်ဦးတည်း ကိုယ်စားလှယ်လောင်းဖြစ်သူ ရှေ့သို့လှမ်းချီပါတီ ခေါင်းဆောင် ပီတာလင်ဂျာရိုအန်ရတ်သည် ထောက်ခံမဲ ၃၂၄ မဲသာရရှိခဲ့သည်။ ဝန်ကြီးချုပ်ဖြစ်လာရန် လိုအပ်သည့် ထောက်ခံမဲ မရရှိသည့်အတွက် ဒုတိယအကြိမ်ပြန်လည်ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

ပီတာလင်ဂျာရိုအန်ရတ်၏ညွန့်ပေါင်းအဖွဲ့သည် အောက်လွှတ်တော်တွင် အမတ်နေရာ ၃၁၀ ကျော်ကို ဆွဲဆောင်ထားနိုင်သော်လည်း ကြားနေမဲပေးသည့် အထက်လွှတ်တော်အမတ်များ၏ ထောက်ခံမှုရရှိရန် မဆွဲဆောင်နိုင်ခဲ့ပေ။

ထိုင်းဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၇၂ အရ ဝန်ကြီးချုပ်တစ်ဦးဖြစ်လာရန်အတွက် လွှတ်တော်နှစ်ရပ်စလုံး၏ ထောက်ခံမဲ ထက်ဝက်ကျော် လိုအပ်သည်။

ထိုင်းပါလီမန်တွင် အထက်လွှတ်တော်အမတ် ၂၅၀ နှင့် အောက်လွှတ်တော်အမတ် ၅၀၀ ရှိသည်။ သို့သော် ရှေ့သို့လှမ်းချီပါတီဝင်များသည် ဝန်ကြီးချုပ်ရွေးချယ်မှုတွင် အထက်လွှတ်တော်အမတ်များ ပါဝင်ခွင့်မပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် မူကြမ်းတစ်ရပ်ကို အောက်လွှတ်တော်ဥက္ကဋ္ဌ ဝန်နူရာအား အဆိုပြုတင်သွင်းခဲ့သည်။

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်မူကြမ်း၏ ရည်ရွယ်ချက်မှာ ဝန်ကြီးချုပ် ရွေးချယ်ခွင့်အာဏာကို ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် အောက်လွှတ်တော်သို့ ပြန်လည်ပေးအပ်ရန်ဖြစ်ကြောင်း ရှေ့သို့လှမ်းချီပါတီ အထွေထွေ အတွင်းရေးမှူး ချိုင်သာဝတ်တူလာတွန်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**



# အိန္ဒိယနိုင်ငံက လကမ္ဘာပေါ်သို့ မောင်းသူမဲ့အာကာသယာဉ်တစ်စင်း အောင်မြင်စွာ လွှတ်တင်

**နယူးဒေလီ ဇူလိုင် ၁၄**

အိန္ဒိယနိုင်ငံ၏ အာကာသအေဂျင်စီက လကမ္ဘာပေါ်သို့ မောင်းသူမဲ့အာကာသယာဉ်တစ်စင်း ယနေ့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

လကမ္ဘာပေါ်သို့ မောင်းသူမဲ့အာကာသယာဉ်လွှတ်တင်သည့်မစ်ရှင်သည် လွန်ခဲ့သည့် လေးနှစ်က အောင်မြင်ခြင်းမရှိခဲ့ပေ။

Chandrayaan-3 မောင်းသူမဲ့အာကာသယာဉ်ကို တင်ဆောင်သွားသည့် ဒုံးပျံသည် နိုင်ငံ၏ တောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ထွက်ခွာသွားကြောင်း အိန္ဒိယအာကာသ သုတေသနအဖွဲ့က ပြောကြားသည်။

အဆိုပါ အာကာသယာဉ်သည် အာကာသအတွင်းရှိ ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ဝင်ရောက်ကာ ကမ္ဘာကို လှည့်ပတ်ပြီးနောက် ဩဂုတ် ၂၃ ရက် ဝန်းကျင်တွင် လကမ္ဘာ၏မျက်နှာပြင်ပေါ်သို့ ဆင်းသက်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

အိန္ဒိယ၏ Chandrayaan-3 မောင်းသူမဲ့အာကာသယာဉ် လကမ္ဘာပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်မည်ဆိုပါက အိန္ဒိယနိုင်ငံသည် ယခင်ဆိုဗီယက်ယူနီယံ၊ အမေရိကန်နှင့် တရုတ်နိုင်ငံတို့ပြီးနောက် လကမ္ဘာပေါ်သို့အောင်မြင်စွာ ဆင်းသက်နိုင်သည့် စတုတ္ထမြောက်နိုင်ငံ ဖြစ်လာမည်ဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် Chandrayaan-2 မစ်ရှင်သည် လကမ္ဘာ၏ ပတ်လမ်းအတွင်းသို့ ဝင်ရောက်နိုင်ခဲ့သော်လည်း နည်းပညာချို့ယွင်းမှုကြောင့် လမျက်နှာပြင်ပေါ်သို့ ပျက်ကျသွားခဲ့သည်။

လက်ရှိတွင် နိုင်ငံအများအပြားနှင့် ပုဂ္ဂလိကကုမ္ပဏီများသည် လကမ္ဘာပေါ်တွင် စူးစမ်းလေ့လာရေးယာဉ်များကို ဖြန့်ကြက်ထားနိုင်ရန်အတွက် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိသည်။ အမေရိကန်နှင့် တရုတ်တို့သည် လမျက်နှာပြင်ပေါ်တွင် လူလိုက်ပါသည့် အာကာသယာဉ်ကို ဆင်းသက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် လကမ္ဘာပေါ်သို့ အာကာသယာဉ်မှူးများစေလွှတ်ကာ အာကာသစခန်းတည်ဆောက်ရန် အစီအစဉ်ရှိကြောင်း ကြေညာခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အာရပ်စော်ဘွားများပြည်ထောင်စု၌ လျှပ်စစ်ကားမူဝါဒချမှတ်

**ဒူဘိုင်း ဇူလိုင် ၁၄**

အာရပ်စော်ဘွားများပြည်ထောင်စုက ၎င်း၏ လျှပ်စစ်ကားမူဝါဒကို ယမန်နေ့က ချမှတ်ခဲ့ကြောင်း သိရသည်။ စွမ်းအင်ကြွယ်ဝသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည့် အာရပ်စော်ဘွားများပြည်ထောင်စုသည် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သုံးစွဲမှု လျှော့ချရေးကြိုးပမ်းဆောင်ရွက်နေသည်။

ယင်းလျှပ်စစ်ကားမူဝါဒအသေးစိတ်ကို စွမ်းအင်နှင့်အခြေခံအဆောက်အအုံဆိုင်ရာ ဝန်ကြီးဆာဟေးအယ်လ် မာဇရုက ရှင်းလင်းပြောကြားခဲ့သည်။ နိုင်ငံ၏ လျှပ်စစ်ကားမူဝါဒကို အစိုးရက အတည်ပြုခဲ့ပြီးဖြစ်ကြောင်း WAM သတင်းအေဂျင်စီက ပြောကြားခဲ့သည်။

နိုင်ငံအတွင်း လျှပ်စစ်ကားများ အသုံးပြုမှုကို မြှင့်တင်ရန်နှင့် ၎င်းတို့၏ရောင်းအားကို မြှင့်တင်ရန်၊ လျှပ်စစ်ကားများအတွက် ကမ္ဘာ့အဆင့်မီ အခြေခံအဆောက်အအုံကိုတည်ဆောက်ရေးဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

**ဆောင်ရွက်နေ**

အဆိုပါ မူဝါဒအရ ၂၀၅၀ ပြည့်နှစ်တွင် နိုင်ငံ၏ စွမ်းအင်သုံးစွဲမှုကို ၄၀ ရာခိုင်နှုန်းလျှော့ချရန်နှင့် ကာဗွန်ထုတ်လွှတ်မှုကို တန်ချိန် ၁၀ သန်းအထိ လျှော့ချသွားရေး ဆောင်ရွက်နေကြောင်း သိရသည်။ ထို့ပြင် နိုင်ငံ၏ လမ်းများတွင် လျှပ်စစ်ကားသုံးစွဲမှုကို ၅၀ ရာခိုင်နှုန်းအထိ မြှင့်တင်သွားရေးဆောင်ရွက်နေသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၌ ပထမကမ္ဘာစစ် ကျဆုံးစစ်သည် အမှတ်တရရုပ်တုဖွင့်ပွဲ ကျင်းပ

**ဖနောင်ပင် ဇူလိုင် ၁၄**

ပထမကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့် စစ်သည်များအတွက် အမှတ်တရ ရုပ်တုဖွင့်ပွဲ ကို ဇူလိုင် ၁၄ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနောင်ပင်ရှိ ပြင်သစ်သံရုံးရှေ့ပန်းခြံ၌ ကျင်းပရာ ဝန်ကြီးချုပ်ဟွန်ဆန်တက်ရောက်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

၎င်းရုပ်တုကို ပထမကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့် ကမ္ဘောဒီးယားနှင့် ပြင်သစ်စစ်သည်များအတွက် အမှတ်တရအဖြစ် ဂုဏ်ပြု၍ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ၁၂ ဒသမ ၃ မီတာအမြင့်ရှိသည့် ၎င်းရုပ်တုတွင် ကမ္ဘောဒီးယားစစ်သည်တစ်ဦး၊ ပြင်သစ်စစ်သည်တစ်ဦးနှင့် ဆင်လေးကောင်ရုပ်တုများဖြင့် တည်ဆောက်ထားသည်။



ပထမကမ္ဘာစစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသား ၂၀၀၀၀ ခန့်ကို ဥရောပတိုက်ရှိ ပြင်သစ်တို့နှင့်အတူ တိုက်ခိုက်ရန် စေလွှတ်ခဲ့သည်။ ၎င်းတို့အနက် ကမ္ဘောဒီးယားနိုင်ငံသား ၁၅၁ ဦးနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် နေထိုင်သူပြင်သစ်နိုင်ငံသား ၃၃ ဦးတို့ သေဆုံးခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူ တစ်သောင်းကျော်ရှိလာ

**ဗီယင်ကျန်း ဇူလိုင် ၁၄**

လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူ ၁၀၈၇၁ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏မှတ်တမ်းအရ သိရသည်။ နိုင်ငံအတွင်းရှိ အော်ဒိုဆေးပြည်နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူ ၂၄၅၀၊ ခမန်ပြည်နယ်တွင် ၁၇၇၈ ဦးနှင့် လန်ပရာဗမ်ပြည်နယ်တွင် ၉၁၈ ဦး တွေ့ရှိခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာန သတင်းအချက်အလက်နှင့် ပညာပေးဌာနက ပြောကြားသည်။

ဘိုလီခန်ဆေပြည်နယ် မြို့တော်ဗီယင်ကျန်း၊ ဆဗာနခတ်ပြည်နယ်နှင့် ခမန်ပြည်နယ်တို့တွင် သေဆုံးသူ စုစုပေါင်းခြောက်ဦး ရှိသည်။ သွေးလွန်တုပ်ကွေးရောဂါ၏ အန္တရာယ်ကြီးမားမှုကို နိုင်ငံသားများ သိရှိစေရေးအတွက် ကျန်းမာရေးတာဝန်ရှိသူများက အသိပညာပေးလုပ်ငန်းများဆောင်ရွက်နေသည်။

ရောဂါကူးစက်သူအရေအတွက် တိုးလာသော်လည်း အများပြည်သူ သိရှိစေရန် ကျန်းမာရေးအသိပညာပေးခြင်းဖြင့် ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်မည်ဟု ကျန်းမာရေးဝန်ကြီးဌာနက မှတ်ချက်ပြုသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီ ထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၁၃ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Nyi Nyi Zaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် နဝင်းရပ်ကွက်နေ ညီညီဇော်အား မွန်းလွဲ ၂ နာရီခွဲတွင် ပြည်မြို့ အမှတ်(၁)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ငွေကျပ်သိန်း ၆၃၀၀ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၂၀၊ အလေးချိန် ၄၂ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၆၃၀၀ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၂၀၊ အလေးချိန် ၄၂ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၉ ရက် ည ၈ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်ရှိ အိုက်ဖတ်(ခ)စိုင်းဖတ်၏ နေအိမ်ကို သတင်းအရရှာဖွေရာ မူးယစ်ဆေးဝါးများသယ်ဆောင်ရောင်းဝယ်ရန် ရောက်ရှိနေသူများဖြစ်သည့် စိုင်းအွန်နှင့် အိုက်ကျိုင်းတို့ကို တန်ဖိုးငွေကျပ်သိန်း ၆၃၀၀ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၂၀၊ အလေးချိန် ၄၂ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



သိမ်းဆည်းရမိသည့် ဘိန်းဖြူဘလောက်တုံးများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၄

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၂ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် ရေဖြူမြို့နယ် ကလိန်အောင်မြို့ လေ့သိုင်းကျေးရွာအုပ်စု အလယ်စခန်းကျေးရွာရှိ မလွဲတောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် SCANIA အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာ တောင်ကြီး-သာစည် ကားလမ်းတွင် ကျော်စိုးမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကို လည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် လားရှိုးမြို့နယ် မန်ကောင်းကျေးရွာအုပ်စု တာပုံကျေးရွာရှိ စိုင်းအောင်ဝင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၇-၂၀၂၃ စနေနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဗောဇ္ဈင်္ဂသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ Weekly Sports Info
၀၈:၃၅ ငါးချဆိပ်ကမ်းမှသည်...ငါးသယ်ဇာတထိန်းသိမ်းရေးဆီ
၀၉:၃၀ New Future Program
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
၁၁:၃၅ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မျှော်လင့်ခြင်းအိပ်မက်" (အပိုင်း-၃၄)
၁၃:၃၀ MRTV National News
၁၅:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကြမ္မာမုန်တိုင်း" (အပိုင်း-၂၈)
၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ်
၁၆:၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၃၅ ရသစုံစွာ ဤမြေကမ္ဘာ
၁၇:၃၀ ရတနာထိုက်စွာပယင်းရတနာ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဗိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး" (အပိုင်း-၃၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) "လုပ်ပုံကလွဲတော့"

### mitv

07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
07:10 Weekly Review
07:27 Fine Arts Podium (Conch Shell Wind Instrument)
07:42 Myanmar Designer Studio: Latt Latt
08:01 News
08:27 Inlay Traditional Lotus Fabric
08:40 San Lin Tun (Winner) Lose2Win with Andy Season 2
08:56 World Youth Skills Day (15th July)
09:01 Quiz Time (Ep-6)
10:01 News
10:26 Beasts of Asia (Malaysia)
10:47 Paper Toys
10:50 Pork - Tha Khut Curry

### MRTV NRC

ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)
အပဲအုထန်းနှစ်ချက်
မွန် (၀၇:၀၀ မှ ၀၉:၀၀)
ရာမညမြေမှအငွေ့အနှစ်များ
ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)
သာယာရှုမောဖွယ်ရမ္မာမြေ(အပိုင်း-၂)
ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၁)
ဝ (၁၃:၀၀ မှ ၁၅:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)
ကချင် (၁၅:၀၀ မှ ၁၇:၀၀)
အင်းတော်ကြီးရဲ့လှပတဲ့သဘာဝပတ်ဝန်းကျင်
ကယား (၁၇:၀၀ မှ ၁၉:၀၀)
လန်းဆန်းပျော်ရွှင်ရေလမ်းကြောင်းခရီးစဉ်
ပအိုဝ်း ကရင် (၁၉:၀၀ မှ ၂၀:၀၀)
တိမ်တိုက်ကြားကဘောဂလီမြို့
အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)
စွန့်ပစ်ငှက်ပျောမှတန်ဖိုးမြှင့်လူသုံးကုန်လက်မှုထည်များဆီသို့
အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
ဖားစည်မြေမှရိုးရာအလှ(အပိုင်း-၂)
ချင်း(လိုင်ဇိုး) (၂၂:၀၀ မှ ၂၃:၀၀)
တစ်နိုင်တစ်ပိုင်ရိုးရာငါးပိပြုလုပ်ပုံ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အိမ်နီးချင်းနိုင်ငံများ၏ရွေးကောက်ပွဲများအကြောင်း)(အပိုင်း-၂)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၀:၄၅ လူငယ်တို့အတွက်လမ်းပြကြယ် 'မြန်မာ့လက်ရွေးစင်ခြင်းလုံးအားကစားသမား ဇော်လင်းမောင်နှင့်တွေ့ဆုံခြင်း'
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပြည်သူ့ဝန်ထမ်း'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်း
၁၀:၃၀ တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ ဝါးမှသည်ရွှေ
၀၇:၀၀ ဆေးပတ်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
၀၇:၄၅ စက်မှုလယ်ယာအရှိန်ဦး(ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း)
၀၈:၀၀ မျိုးကောင်းမျိုးသန့်စိုက်ပျိုးအထွက်တိုးမယ့်ရွှေနေကြာ
၀၉:၁၀ ကမ္ဘာ့အလှမြန်မာ့တော်ဝင်သစ်ခွ
၀၉:၅၀ ပူးပေါင်းဆောင်ရွက်တောင်သူအကျိုးအတွက်

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/Weekly Soccer Preview
၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း/ လူငယ်တို့အတွက်လမ်းပြကြယ်
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကတ်ဘောအက်ဒေး'
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇူလိုင် ၁၄

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် သံတွဲမြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ်စိုးနိုင်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပေလီမြို့ရှိ ပုလဲရတနာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တက္ကန္ဒာစာရအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုန်းတော်ကြီးကျောင်းနှင့် အဆိုပါကျောင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများနှင့် ရေသန့်ကတ်များ ဆက်ကပ်လှူဒါန်းကာ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှု၍ အားပေးစကား ပြောကြားသည်။

အလားတူ ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကျောက်တော်ရပ်ကွက် လူမှုဝန်ထမ်းရုံး အနောက်ဘက်ကမ်းနား၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ သတ်မှတ်နေရာများတွင် စုပေါင်းသစ်ပင်စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာကျောင်းသားလူငယ်အဖွဲ့ ဂျပန်နိုင်ငံ ဖူကူအိုကာ နွေရာသီစခန်းချပွဲသို့တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၄

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ ဇူလိုင် ၁၅ ရက်မှ ၂၅ ရက်အထိ Asia Pacific Children Convention ( APCC) မှ ကြီးမှူးကျင်းပမည့် "၂၀၂၃ အပြည်ပြည်ဆိုင်ရာလူငယ်များ နွေရာသီစခန်းချပွဲနှင့် ယဉ်ကျေးမှုဖလှယ်ပွဲ (BRIDGE Summer Camp – 2023 ) သို့ ပါဝင်တက်ရောက်ရန်အတွက် မြန်မာ–ဂျပန်အသင်း ( MJA ) မှ ဦးစီးရွေးချယ်စေလွှတ်သည့် Junior Ambassador ကျောင်းသား ကျောင်းသူ လေးဦး အပါအဝင် ကျောင်းသားလူငယ်ခေါင်းဆောင်လိုက်ပါပြီး ဇူလိုင် ၁၄ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျပန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။



မြန်မာကျောင်းသား လူငယ်အဖွဲ့သည် အာရှပစိဖိတ်ဒေသ ၄၁ နိုင်ငံမှ ကျောင်းသားလူငယ်များနှင့်အတူ စခန်းချပွဲနှင့် ယဉ်ကျေးမှုပွဲတော်သို့ ပါဝင်တက်ရောက်မည်ဖြစ်ပြီး ဂျပန်မိသားစုများနေအိမ်တွင်လည်း Home Stay အဖြစ် နေထိုင်ကြမည်ဖြစ်သည်။

ယဉ်ကျေးမှုပွဲတော်အခမ်းအနားအား ဖူကူအိုကာမြို့၌ ဇူလိုင် ၂၁ ရက် သောကြာနေ့ ဒေသစံတော်ချိန် ၁၄:၃၀ နာရီ (မြန်မာစံတော်ချိန် ၁၂:၀၀ နာရီ )တွင် ကျင်းပမည်ဖြစ်ပြီးYouTube မှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ရာ မြန်မာလူငယ်အဖွဲ့သည် အမှတ်စဉ်(၁ ) အဖြစ် မြန်မာစံတော်ချိန်မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် ဖျော်ဖြေကပြရမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ရွှေပညာဒါန(အခမဲ့) ရွှေသင်တန်းအသိပညာပေး သင်တန်းအမှတ်စဉ် (၂၆) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ရွှေပညာဒါန ( အခမဲ့ ) အသိပညာပေးသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲကို ဇူလိုင် ၁၀ ရက်က အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းလင်းအောင်တို့က ဆွေးနွေးပြောကြားသည်။

ယင်းနောက် အသင်းအထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က သင်တန်းအောင်မြင်စွာပြီးမြောက်ရေး ပံ့ပိုးကူညီကြသူများနှင့် ပညာရှင်သင်တန်းဆရာ ဆရာမများအား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းလင်းအောင်၊ အသင်းနာယက ဦးဆန်းလွင်၊ ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အမှုဆောင်များ၊ သင်တန်းဆရာ ဆရာမများက သင်တန်းသား သင်တန်းသူ ၁၀၀ ကျော်တို့ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြကြောင်း သိရသည်။ မျိုးမင်းသူရ



# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပ

သန်လျင် ဇူလိုင် ၁၄

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ၂၀၂၃–၂၀၂၄ ပညာသင်နှစ် အထူးပြုဘာသာရပ်အလိုက် ဝင်ခွင့်ရရှိကြသည့် ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားများကို ဇူလိုင် ၁၀ ရက်မှ ဇူလိုင် ၁၄ ရက်အထိ စာရင်းကိုင်ပညာနှင့်ဘဏ္ဍာရေးပညာအထူးပြု၊ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာအထူးပြု၊ အသုံးချစာရင်းအင်းပညာအထူးပြု၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာအထူးပြုနှင့် လူမှုစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာအထူးပြု ဘာသာရပ်များအလိုက် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



ယနေ့ကျင်းပသည့် လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု ပညာအထူးပြုကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက အမှာစကားပြောကြားသည်။ ၎င်းနောက် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များက အထူးပြုဘာသာရပ်များ၏ ပညာသင်နှစ်အလိုက် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် အထူးပြုဘာသာရပ်များအလိုက် Major Queen ရရှိသူများအား စလွယ်၊ ကျိုင်းနှင့် အမှတ်တရလက်ဆောင်များကို ပါမောက္ခချုပ်ကလည်းကောင်း၊ Major King ရရှိသူများအား စလွယ်နှင့် အမှတ်တရလက်ဆောင်များကို ဒုတိယပါမောက္ခချုပ်(စီမံ)က လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# ဘောနတ်ကြီးသဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ပဲခူး ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ပဲခူးမြို့နယ် ဘောနတ်ကြီးသဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်နိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြပြီး ဘောနတ်ကြီးသဘာဝရေပြင်အတွင်းသို့ သနပ်ပင်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၅၀၀၀၀၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁၃၀၀၀၀ တို့အား ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

○ (၁၁)ကြိမ်မြောက်မှ

ရန်ကုန်ဇုန်လူရွေးပွဲကို နှစ်ရက်ကြာကျင်းပမည်ဖြစ်ပြီး ဒုတိယနေ့ကို ဇူလိုင် ၁၅ ရက် (ယနေ့) နံနက်ပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ လူရွေးပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် နှစ်နေရာခွဲ၍ ကျင်းပမည်ဖြစ်ပြီး မန္တလေးဇုန်လူရွေးပွဲကို မန္တလေးမြို့ရှိ မြန်မာဘောလုံးအကယ်ဒမီတွင် ဇူလိုင် ၁၆၊ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်ဇုန်နှင့် မန္တလေးဇုန် လူရွေးပွဲအပြီးတွင် U12 Junior Soccer World Challenge 2023 ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ–၁၂ လူငယ်လက်ရွေးစင်အတွက် အပြီးသတ်ကစားသမားများ ရွေးချယ်သွားမည်ဖြစ်သည်။ U12 Junior Soccer World Challenge 2023 ပြိုင်ပွဲတွင် ဥရောပကလပ်များဖြစ်သည့် ဘာစီလိုနာလူငယ်၊ ဂျူဗင်တပ်လူငယ်၊ ဘိုင်ယန်မြူးနစ်လူငယ်၊ ဂျေလိဂ်လူငယ်ကလပ်များ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အာဆီယံဒေသတွင် လက်ရှိအချိန်ထိ မြန်မာယူ–၁၂ အသင်းသာ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းသွင်းခံထားရပြီး မကြာမီ ပြိုင်ပွဲဝင်အသင်း ၃၂ သင်းစာရင်းအား ထုတ်ပြန်သွားမည်ဖြစ်သည်။ မြန်မာယူ–၁၂ အသင်း၏ ဂျပန်ခရီးစဉ်အား AYA Bank က ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး ဥရောပထိပ်သီးကလပ်အသင်းများမှ လူငယ်အသင်းများ၊ ဂျေလိဂ်လူငယ်ကလပ်အသင်းများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် မြန်မာလူငယ်ကစားသမားများအတွက် အကျိုးရှိမည့်ပြိုင်ပွဲလည်း ဖြစ်သည်။

သတင်း–ကိုညီလေး၊ ဓာတ်ပုံ–သော်ကြီး

## အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်၊ စာအုပ်စာစောင်ပြပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း စိန်ညီလာခန်းမ၌ မြို့နယ်အခြေခံပညာဦးစီးဌာနမှူးကြီးမှူး၍ ယမန်နေ့နံနက် ၁၀ နာရီတွင်(၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာအုပ်စာစောင်ပြပွဲ အခမ်းအနားကို ကျင်းပသည်။

ဦးစွာ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးစောသက်ဇေအောင်က အဖွင့်အမှာစကား ပြောကြားပြီး ဆရာမဒေါ်ဝင်းသန္တာကျော်က (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းချုပ်နှင့် ကျောင်းသား ကျောင်းသူများ မှတ်သားရမည့် အကြောင်းအရာများကိုလည်းကောင်း၊ သာကေတမြို့နယ် စာရေးဆရာအသင်း မြို့နယ်(Book CLub)ဥက္ကဋ္ဌ ဒေါက်တာသန်းထိုက်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းအကြောင်းအရာများ၊ အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ အတ္ထုပ္ပတ္တိနှင့် လွတ်လပ်ရေးကြိုးပမ်းမှုဖြစ်စဉ်များကို အကျယ်တဝင့်ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်ကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် နံရံကပ်၊ စာအုပ်စာစောင်များအား လေ့လာကြည့်ရှုကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ် ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်း ကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ပေါက်ခေါင်းမြို့၌ အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး



ပေါက်ခေါင်း ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပေါက်ခေါင်းမြို့ စည်ပင်သာယာမြို့မဈေးကြီးအတွင်း၌ ကိုယ်တိုင် စိုက်ပျိုး/မွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်၍ ဒေသတွင်းပြည်သူများအတွက် သက်သာသောဈေးနှုန်းဖြင့် စားသောက်ကုန်ပစ္စည်းများကို နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချရာတွင် ရပ်ကွက်/ကျေးရွာများအတွင်း ဒေသထွက် ဟင်းသီးဟင်းရွက်မျိုးစုံအပါအဝင် ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၅၀၀၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၂၄၀၊ ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀၊ ဆီတစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀၊ အမဲသားတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ နှင့် ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ဒက္ခိဏခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

လူငယ်လူရွယ်၊ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများရရှိစေရန်၊ ကာယစွမ်းရည်နှင့် ဉာဏစွမ်းရည်များ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒက္ခိဏခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်က လူငယ်နှင့် ရည်မှန်းချက် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများက ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲများပြုလုပ်ကာ တာဝန်ရှိသူများက ဆုရရှိသူများအား အမှတ်တရ ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အခမ်းအနားအပြီးတွင် ခင်းကျင်းပြသထားသည့် လူငယ်ရေးရာနှင့် ပတ်သက်သည့် နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစားလေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## မင်းလှမြို့၌ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းများ ရောင်းချပေး

မင်းလှ ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် သာယာဝတီခရိုင် မင်းလှမြို့တွင် ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူများ၏ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ကြက်ဥ၊ အသားငါးနှင့် ဒေသထွက်ဟင်းသီးဟင်းရွက်သီးနှံများကို ယနေ့နံနက် ၇ နာရီတွင် မြို့မဈေးရှေ့၌ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်၏ ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာနတို့က ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်သူများနှင့် ပူးပေါင်းကာ အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှု မရှိစေရေးအတွက် ဆန်ဟောင်းတစ်ပြည်လျှင် ငွေကျပ် ၂၈၀၀၊ ဆီတစ်ပိဿာလျှင် ငွေကျပ် ၅၁၀၀၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀၊ အသားနှင့် ဒေသထွက်ဟင်းသီးဟင်းရွက်သီးနှံများအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၅ | ၂၁၆၀ | ၂၁၃၅ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၉၀ | ၂၁၉၀ | ၂၄၂၀ | ၂၈၂၀ |
| 95 Ron | ၂၂၂၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၇၅ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၁၃၀ | ၂၁၄၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၈၀ | ၂၄၁၀ | ၂၉၂၀ |
| HSD (50 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၉၀ | ၂၉၀၀ |
| HSD (10 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၉၀ | ၂၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၆ | ၂၀၇၀ |
| 95 Ron | ၂၁၀၈ | ၂၁၈၄ |
| HSD (500 ppm) | ၁၉၈၈ | ၂၀၅၇ |
| HSD (50 ppm) | ၂၀၆၂ | ၂၁၃၃ |
| HSD (10 ppm) | ၂၀၆၂ | ၂၁၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၆၄၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၄-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၄)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၄၂,၉၃၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၈၆၅) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၆၆၉) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၁၄

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ သတင်းစဉ်

## မင်္ဂလာဒုံမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးလက်တွေ့ စိုက်ပျိုးပြသ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ ယမန်နေ့နံနက် ၉ နာရီခွဲက ဧကရာဇ်ကျေးရွာ တောင်သူဒေါ်ချို၏ လယ်မြေ ၁၀ ဧက၌ မှော်ဘီ စပါးမျိုးများအား တောင်သူ ၁၃ ဦးတို့ကို မျိုးစေ့ချ ကိရိယာဖြင့် မိုးစပါးလက်တွေ့စိုက်ပျိုးပြသခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်ဆွေက မျိုးစပါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးလက်တွေ့စိုက်ပျိုးပြသပွဲသို့ မြို့နယ်ဦးစီးမှူးနှင့် စိုက်ပျိုးရေးကျွမ်းကျင်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စိုက်ပျိုးကြမည့်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ မြင့်ဦး

## စစ်တွေမြို့နယ် ဒုံးပြင်တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ မုန်တိုင်းသင့်ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၄

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဒုံးပြင်တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ မုန်တိုင်းသင့်ဒေသခံပြည်သူများနှင့်ကျောင်းသား ကျောင်းသူများအား ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အထူးဆေးကုသရေးအဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အဆိုပါကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ မုန်တိုင်းသင့်ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား အဖျားရောဂါ၊ သွေးတိုးရောဂါ၊ ဝမ်းပျက်/ဝမ်းလျှောရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျောင်းသားကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။ ထို့ပြင် အဆိုပါကျေးရွာအတွင်းရှိ နေအိမ်အဆောက်အအုံအတွင်း ခြင်ခိုအောင်းနိုင်သောနေရာများနှင့် ခြံဝင်းအတွင်း/အပြင်နေရာများအား ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးကြသည်။



### ကြည့်ရှုအားပေး

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# ဗဟန်းမြို့နယ်၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မိုးဦးပန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



လူငယ်စကားဝိုင်း စတင်ခဲ့ရာ ဦးဆောင် ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမိုး၊ တွဲဖက်ဦးဆောင်ဆွေးနွေးသူအဖြစ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ခေမာလင်းတို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် စာပေ အစရှိသည့် ခေါင်းစဉ်ပါအကြောင်းအရာများကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကျောင်းသား ကျောင်းသူစုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲ ၁ နာရီက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အေးမာလွင်က ကျေးဇူးတင်စကားပြောကြားသည်။



ဆက်လက်၍ လူငယ်စကားဝိုင်းကို စတင်ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမဥ္စူနှင့် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ မြန်မာစာဆရာမ ဒေါ်ယုယုစိုးတို့က ပါဝင်ဆောင်ရွက်ခဲ့သည်။ လူငယ်စကားဝိုင်းဆွေးနွေးပွဲ၌ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် အားကစား ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးချက်များအပေါ် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည့်အချက်များကို ပြန်လည်မေးမြန်းဆွေးနွေးကြရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုကြသည်။

လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

မအူပင် ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဆုနှင်းသဘင်သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး မအူပင်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မအူပင်မြို့နယ်အသင်း (ရန်ကုန်)၏ ပညာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းက ဂုဏ်ပြုချီးမြှင့်စကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်ပေး



သော ခြောက်ဘာသာ၊ ငါးဘာသာ၊ လေးဘာသာ ဂုဏ်ထူးရရှိသူများအနက် အကြောင်းအမျိုးမျိုးကြောင့် ပုသိမ်မြို့ မြို့တော်ခန်းမဆုချီးမြှင့်ပွဲသို့ မတက်ရောက်နိုင်သူ ရှစ်ဦး၊ တစ်ဘာသာ၊ နှစ်ဘာသာ၊ သုံးဘာသာ ဂုဏ်ထူးရှင် ၂၆၂ ဦးနှင့် အောင်ချက်အကောင်းဆုံးကျောင်း သုံးကျောင်းအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

စာပေမြင့်မှ လူမျိုးတင့်မည်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဈေးကုန်းကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေကြာရုံကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ သာသနာ့ရက္ခိတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ထေရဝါဒ ဓမ္မရောင်ခြည်ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကရွှေပါရမီကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ပညာပါရမီကျောင်းတိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းလိတ်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ မိုးကုတ်ရိပ်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မဏိရတနာ(ခန္တော)ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ အဝေရာရာမရန်ကင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ မဟာသုမနရာမကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ စိန်ပန်းပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ မန်အိုင်ခေးတိုင်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ်အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော Faw Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၃၇ စီးနှင့် Grand Sirius Co.,Ltd. က တင်သွင်းလာသော လျှပ်စစ်သုံးယာဉ်အားသွင်းစက် (EV Charger, 60KW) အခု ၃၀ သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးယာဉ်အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ သတင်းစဉ်

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် ဇူလိုင် ၁၉ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ဇူလိုင် ၂၁ ရက်၌ မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်နှင့် ချက်တစ်ဂတ်ပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# မြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်လေးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄)၊ မြေကွက်အမှတ်(၇၂၉)၊ ဧရိယာ(၀. ၀၆၆)ဧကရှိ ကွယ်လွန်သူဦးနာသန်(ခ)ဦးတင်ဝင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှု(၆၄)ရပ်ကွက်၊ ရေဝတီလမ်း၊ အမှတ်(၇၂၉) ဟု ခေါ်တွင်သော Steel Structure (၂)ထပ်ဂိုဒေါင်အဆောက်အဦတစ်ခုအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်၏တရားဝင်အမွေဆက်ခံခွင့်ရှိသူဇနီးဒေါ်ကြည်ကြည်ဝင်း(၁၂/ပဇတ(နိုင်)၀၁၆၉၈၂)နှင့်သမီးနှစ်ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

ဒေါ်မာလာဆွေ

တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)

**LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).**

အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သယ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁၂၇၈၂၈၊ ၀၉ ၉၅၅၁၂၇၈၂၈

## မွေးသက္ကရာဇ် အမှန်ဖြစ်ကြောင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းတန် [၁၂/မရက(နိုင်)၀၀၂၉၄၈]နှင့် ဒေါ်ရီရီစန်း [၁၂/မရက(နိုင်)၀၈၇၂၂၇]တို့၏သမီး ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အ.ထ.က(၃)၊ Grade-11 မှ မခင်စံပယ်သိန်းတန်၏ မွေးသက္ကရာဇ် (၂၉-၁၀-၂၀၀၇)မှာ အမှန်ဖြစ်ပါကြောင်း။

**ဦးသိန်းတန် [၁၂/မရက(နိုင်)၀၀၂၉၄၈]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မျိုးမဥ္ဇူ(LL.B)**

**အထက်တန်းရှေ့နေ**

**စဉ်-၅၁၄၄၀(၃၁-၇-၂၀၁၉)**

**ဖုန်း-09-250867764**

## ဖခင်အမည်မှန်

မအူပင်မြို့နယ်၊ ဝါးတောကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ထနီဒေါင့်ဝါးတော၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်ထူးအောင်လင်း၏ ဖခင်အမည်မှန်မှာ ဦးစောမြင့်အောင် ဖြစ်ပါသည်။

## ဦးကျော်သက်ပိုင်၊ ညောင်ဦးမြို့သို့ သတိပေးနိုးဆော်ချက်

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ သီးကုန်း(မိတ္ထီလာ) ယာဉ်ရပ်နားစခန်း (အသွားလမ်း)ရှိ ဆိုင်ခန်းအမှတ်(C) ဦးကျော်သက်ပိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ (၁၂-၃-၂၀၁၃)ရက်နေ့ စီမံခန့်ခွဲရေးကော်မတီ (၈/၂၀၁၃)အစည်းအဝေးမှတ်တမ်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် မြေပေါ်တွင် မြေငှားစနစ်ဖြင့် စားသောက်ဆိုင်ခန်း ဖွင့်လှစ်ရောင်းချခွင့်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခွင့်ပြုခဲ့သော်လည်း စားသောက်ဆိုင်လုပ်ငန်းဆောင်ရွက်မှုမရှိခြင်း၊ ဆက်သွယ်၍ မရရှိခြင်း၊ စာချုပ်လာရောက်ချုပ်ဆိုမှုမရှိခြင်းတို့ကြောင့် နိုင်ငံပိုင်သတင်းစာတွင် သတိပေးနိုးဆော်ချက် ထည့်သွင်းဆောင်ရွက်ခဲ့သော်လည်း ယခုအချိန်ထိ စာချုပ်လာရောက်ချုပ်ဆိုခြင်းမရှိပါ။ နှစ်စဉ်စာရင်းစစ် အစီရင်ခံစာတွင် ဖြေရှင်းမှုများဆောင်ရွက်နေရပြီး ပြီးပြတ်မှုမရှိသောကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန(ရုံးချုပ်)သို့ နိုင်ငံပိုင်သတင်းစာတွင် နောက်ဆုံးအနေဖြင့် Notice စာထပ်မံကြော်ငြာ၍ လာရောက်ဆက်သွယ်ခြင်းမရှိပါက အဆောက်အဦအား သိမ်းယူသင့်ကြောင်း အကြံပြုတင်ပြခဲ့ရာ (၁၀-၁-၂၀၂၃)ရက်စွဲပါ စာအမှတ်၊ စကဖ/ရန်-မန်း/၂၀၂၂-၂၀၂၃/၈၃၈ ဖြင့် လမ်းညွှန်မှုအရ အလားတူ အခြားဆိုင်ခန်း၊ မြေနေရာ ငှားရမ်းခြင်းစာချုပ်ပါအတိုင်း အဆောက်အဦအား သိမ်းဆည်းသွားမည်ဖြစ်ပါသောကြောင့် ဤကြော်ငြာပါဝင်သည့်နေ့မှစ၍ တစ်လအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ လာရောက်ဆက်သွယ်ရန်နှင့် တစ်လအတွင်း လာရောက်ဆက်သွယ်ခြင်းမရှိပါက သီးကုန်း ယာဉ်ရပ်နားစခန်း(အသွားလမ်း)ရှိ ဆိုင်ခန်းအမှတ်(C) ဦးကျော်သက်ပိုင်၏ ဆိုင်ခန်းမြေနေရာနှင့် အဆောက်အဦအား လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းယူသွားမည်ဖြစ်ကြောင်း နောက်ဆုံးအကြိမ် သတိပေးနိုးဆော်အပ်ပါသည်။

**အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ ခွန်သာကျေးရွာအုပ်စု၊ မဲချောင်ကျေးရွာနေ အဖဦးစိုး၏သား ကျွန်တော် မောင်ချစ်လင်းမောင် [၈/မဘန (နိုင်) ၁၅၄၆၂၉]၏ ယခင် နိုင်ငံကူးလက်မှတ်အမှတ် (ME-469161) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် ။

**၀၉-၆၆၇၅၄၁၇၂၀**

**မိဘမေတ္တာ**

ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။

**09 422 848 224**

## အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ အကြွေးဝယ်ကတ် (Visa Credit Card)၏ ချေးငွေပေးသွင်းရန် ကျန်ရှိသူများအား ထပ်မံသိရှိစေရန်ကြော်ငြာခြင်း

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ အကြွေးဝယ်ကတ်အား ကိုင်ဆောင်အသုံးပြုသူ ကတ်ပိုင်ရှင်များအနက်မှ **ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိသူများအား အကြွေးပြန်လည်ပေးဆပ်ရန် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းသတင်းစာ၌ (၃၁-၅-၂၀၂၃)ရက်နေ့တွင်လည်းကောင်း၊ ကြေးမုံသတင်းစာ၌ (၁-၆-၂၀၂၃) ရက်နေ့တွင်လည်းကောင်း ပထမအကြိမ်အဖြစ်** အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

ထို့သို့ကြော်ငြာပြီးနောက် **အချို့သောကတ်ပိုင်ရှင်များမှ ဘဏ်နှင့်ဆက်သွယ်ပြီး အပြေအကျေ ပေးဆပ်ပြီးဖြစ်သော်လည်း အချို့သော ကတ်ပိုင်ရှင်များသည် ဘဏ်သို့ ဆက်သွယ်လာခြင်းမရှိဘဲ ဆက်လက်ပျက်ကွက်လျက်ရှိပါသည်။ အဆိုပါ Credit Card ချေးငွေပေးသွင်းရန် ပျက်ကွက်လျက်ရှိသော ကတ်ပိုင်ရှင်များအနေဖြင့် ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ချေးငွေပြန်လည်ပေးသွင်းရန် အတွက် လာရောက်ညှိနှိုင်းဆွေးနွေးပါရန်၊ ဆက်လက်ပျက်ကွက်ပါက နိုင်ငံပိုင် သတင်းစာများဖြစ်သည့် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဘဏ်သို့ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်သူစာရင်းအဖြစ် (အမည်၊ မှတ်ပုံတင် အမှတ်နှင့်တကွ) ပြန်လည်ပေးဆပ်ရန် အကြောင်းကြားခြင်းအပြင် တရားဥပဒေ ကြောင်းအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နောက်ဆုံး အကြိမ် အသိပေးအကြောင်းကြားအပ်ပါသည်။**

**Credit Department**

**အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

**အမှတ်(၇၃၊ ၇၅)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်းနံပါတ် ၀၁-၈၃၇၈၅၁၇ လိုင်းခွဲအမှတ် – ၇၀၇၄၊ ၇၀၇၁၊ ၇၁၀၆**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၆)ရပ်ကွက်၊ သဟာယလမ်း၊ အမှတ် (၁၀၀၉) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်- ၁၀၆၊ မြေကွက်အမှတ်- ၁၀၀၉၊ ဒေါ်စန်းမြင့် အမည်ပေါက်၊ အကျယ်အဝန်း (၄၀x၆၀)ပေအနက်မှ တရားဝင် မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၃၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ ဦးသက်နိုင် (AKB-၁၉၅၀၆၂)မှ အရပ်ကတိ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းနိုင် [၁၂/သဃက(နိုင်) ၁၄၉၈၆၂]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်မာမာသိန်း(LL.B)** | **ဒေါ်နှင်းဝေလွင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၈၇၉၂)** | **(စဉ်-၅၄၃၀၅)** |

**အမှတ်- ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၆၄၉၅၉**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေခလာလမ်း၊ အမှတ် (၈၇၇/က) ဟုခေါ်တွင်သည့် (၆)ထပ်တိုက် အဆောက်အဦရှိ ဒုတိယထပ် (၃ လွှာ)၊ အကျယ်အဝန်း (၁၈ပေ x ၅၅ပေ)ခန့်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မာမာဝင်း [၁၂/လကန(နိုင်)၀၂၀၅၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့် အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**

**တိုက် C 2 A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condo၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉- ၉၆၅၁၇၈၀၁၈၊ ၀၉- ၂၅၀၀၆၀၃၁၃**

## ပျောက်ဆုံးကြောင်း

ဒေါ်ဇင်လဲ့မောင်မောင် [၁၂/ဥကတ (နိုင်) ၂၀၂၅၇၉] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-689533042**

## ပတ်စ်ပို့ပျောက်

မိုင်းကိုင်မြို့နယ်၊ ပင်ဖြူးရွာ၊ ကုံးလုံးအုပ်စု နေ စိုင်းလှတင်၏သား ခွန်ဇော်ရိုး [၁၃/မကန(နိုင်) ၀၈၃၃၇၉]၏ နိုင်ငံကူးလက်မှတ် အမှတ် (MB-769227) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၇၉၇၉၄၄၄၀၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက် ၊ ရန်ရှင်းလမ်း ၊ Yankin Palm Village အိမ်ရာ၊ တိုက်အမှတ်(၁၀)၊ အခန်းအမှတ်(၅၂)အား ဒေါ်ယဉ်မြင့်မေ [၁၂/ရကန(နိုင်)၀၆၁၇၅၁]က (၅-၈-၂၀၁၄)ရက်နေ့တွင် စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁ အေ)၊ မြေကွက်အမှတ်(1-R) ၊ အကျယ်အဝန်း (၀.၀၇၈ ဧက)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၁၁ အေ)ရပ်ကွက်၊ ဆပ်သွားဖူးလမ်း၊ အမှတ်(1-R) ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လှလှယု [၁၂/ကမရ(နိုင်)၀၂၉၀၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်ကိုကို [၁၂/ဥကတ(နိုင်)၀၃၇၉၇၆]၊ ဒေါ်ခင်နွေးနွေး [၁၂/ဥကတ(နိုင်)၀၈၁၅၃၃]၊ ဒေါ်မြတ်သိမ်မွေ့ဗိုလ် [၁၂/ဥကတ(နိုင်)၁၈၇၇၂၁]၊ ဒေါ်ရွှန်းလဲ့မြတ်ကိုကို [၁၂/ဥကတ(နိုင်) ၁၆၉၀၇၆]တို့မှ အပြီးအပြတ်ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမြတ်ကိုကို ၊ ဒေါ်ခင်နွေးနွေး နှင့် ဒေါ်မြတ်သိမ်မွေ့ဗိုလ်၊**

**ဒေါ်ရွှန်းလဲ့မြတ်ကိုကိုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းမင်းစိုး LLB, WIPO (Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**

**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-450023651, 09-793568375**

## ဝန်ထမ်းခန့်ရန်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ရုံး၌ အောက်ဖော်ပြပါရာထူးများ ခန့်ထားနိုင်ရန်အတွက် လျှောက်ထားနိုင်ပါသည်-

(က) အင်္ဂလိပ်စကားပြန် ကျား/မ (၁) ဦး

(ခ) တရုတ်စကားပြန် ကျား/မ (၁) ဦး

(ဂ) Forklift ယာဉ် စက်ပြင်ဆရာ ကျား (၁) ဦး

၂။ လျှောက်ထားသူများသည်-

(က) ကျန်းမာရေးကောင်းမွန်ပြီး အသက်(၃၀)နှစ်အထက် ရှိရမည်။

(ခ) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်အထက်ရှိပြီးသူ ဖြစ်ရမည်။

(ဂ) သက်ဆိုင်ရာဘာသာရပ်အတွက် ဘွဲ့လက်မှတ် (သို့မဟုတ်) အထောက်အထားလက်မှတ် ပါရှိရမည်။

(ဃ) လျှောက်လွှာပိတ်ရက်မှာ (၂၄-၇-၂၀၂၃)ရက် (၁၆:၀၀)နာရီ ဖြစ်ပါသည်။

(င) အသေးစိတ်သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည် - ၀၆၇ ၄၃၂၃၈၂၊ ၀၆၇ ၄၃၂၃၈၅၊ ၀၉-၂၅၃၃၅၂၁၃၃

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

**နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ (-)ဧက၊ မြေကွက်အမှတ်(ပ-၂၄၆)၊ ဒေါ်တုတ်မ၊ အဖအမည် ဦးမှန်း [၉/ပဗသ(နိုင်)၀၀၂၀၁၅] အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်မာမာသင်း၊ ဒေါ်ထက်ထက်အောင်၊ အဖအမည် ဦးအောင်မောင်း [၅/စကန(နိုင်)၀၂၆၄၉၂]၊ ဦးခင်မောင်သန်း [၈/စလန(နိုင်) ၀၇၁၀၁၅]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါ်စန်း (OI-၀၃၁၄၂၄) [၁၂/ပဇတ(နိုင်)၀၀၈၅၉၇] အမည်ဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ချထားပေးသော ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်ဥယျာဉ် (လိပ်ကန်)အိမ်ရာ တိုက်အမှတ်(၄) အခန်း(၂၀၂)၊ ၃-လွှာ (ဒုတိယထပ်) ဧရိယာ (၁၇ပေx၅၅ပေ)ရှိ တိုက်ခန်းကို စာချုပ်အဆက်အစပ်အရ ဝယ်ယူလက်ရှိ ပိုင်ဆိုင်ကြောင်း အဆိုပြုရောင်းချသူ ဒေါ်သိန်းစံ [၁၂/ပဘတ(နိုင်)၀၁၈၃၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ အဆိုပါ တိုက်ခန်းတွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက် အတွင်း ကျွန်ုပ်ထံ အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သစ်သစ်မြင့်အောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၇၈)**

**ရုံး-အမှတ်-၂၂၅၊ ပထမထပ်၊ ၃၅-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-5061624**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၁၈)၊ ဒုတိယထပ် (အလျား ၁၂ပေခွဲ x အနံ ၅၀ပေ)ရှိသော တိုက်ခန်းအား ဦးခင်ဝင်း [၁၂/လမန(နိုင်)၀၁၈၂၃၄]မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချစ်ငြိမ်းဝေ [၆/ရဖန(နိုင်)၀၅၉၁၁၁]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးအေးမော်** | **ဒေါ်သူသူမင်း** | **ဒေါ်ခင်မို့မို့ထွန်း** |
| **(စဉ်-၇၆၀၇)** | **(စဉ်-၁၂၉၆၅)** | **(စဉ်-၁၅၉၉၄)** |

**တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| **ဒေါ်မာလာသန်းမြင့်** | **ဒေါ်ချယ်ရီဇော်** |
| **(စဉ်-၄၈၇၁၆)** | **(စဉ်-၄၄၃၉၃)** |

**အထက်တန်းရှေ့နေများ**

**အမှတ်(၄၉)၊ အခန်း(၅+၆)၊ လမ်း(၄၀)အောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၄၀၇၀၁၈၀၊ ၀၉-၇၉၂၁၁၉၀၃၈**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| (က) | 22(T)/DPTSC (PSD)/23–24 | ပင်မဓာတ်အားခွဲရုံများတွင် အစားထိုးလဲလှယ်အသုံးပြုရန်အတွက် Conductor, Cable & Earthing Materials, Plugin Type Termination Kit များဝယ်ယူခြင်း |
| (ခ) | 25(T)/DPTSC (Civil)/23–24. | မြို့ပြဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေ (၁၅၂၁၇)အိတ်နှင့် သံချောင်းလုံးဆိုဒ်စုံ စုစုပေါင်း(၁၅၆.၃၃)တန်များဝယ်ယူရန် |

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၂၇–၇–၂၀၂၃)ရက် (၁၄:၀၀) နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း–၀၆၇– ၃၄၁၀၂၀၉၊ ၀၆၇– ၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၅ လမ်း၊ ၈၄ လမ်းထောင့်ရှိ မြန်မာ့မီးရထားပိုင် အခန်းပေး/အခန်းယူအဆောက်အအုံဖြစ်သည့် တိုက်အမှတ်(၁၅)၊ အခန်း(၁)၊ အခန်း(၂) မြေညီထပ်အား ကျွန်တော်၏ညီဖြစ်သူ ဦးမျိုးမြင့်အမည်ဖြင့် မြန်မာ့မီးရထားနှင့်စာချုပ်ချုပ်ဆိုထားပြီး အဆိုပါတိုက်ခန်းအား အစ်ကိုဖြစ်သူ ကျွန်တော် ဦးရဲထွန်း [၉/မရမ(နိုင်)၀၆၄၃၁၀] နှင့် မြန်မာ့မီးရထားတို့အမည်ပြောင်းစာချုပ်ချုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ မြန်မာ့မီးရထား မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃)မန္တလေးရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရဲထွန်း**
**[၉/မရမ(နိုင်)၀၆၄၃၁၀]**
**တိုက်အမှတ်(၁၅)၊ အခန်း(၁)၊ အခန်း(၂)၊ ၃၅ လမ်း၊ ၈၄ လမ်းထောင့်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## ကရင်ပြည်နယ်၊ ဘားအံမြို့၊ လှာကမြင်မြို့သစ်၊ မြေကွက်အမှတ်(က/၂၁.၇) အကျယ်အဝန်း(အလျား x အနံ)(၆၀ပေ x ၈၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခြင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်မှာ ဘားအံခရိုင်၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ လှာကမြင် မြေနေရာချထားရေးကော်မတီမှ ဒေါ်ကြည်ကြည်ဆွေ [၁၂/ရကတ(နိုင်)၀၁၅၉၃၇] အမည်ဖြင့် ချပေးထားသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခိုင်မြင့်မြင့် [၁၂/တမန(နိုင်)၀၁၈၀၁၀]မှ ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်မူယာ [၁၂/တမန(နိုင်)၁၀၈၀၃၈]မှ ဝယ်ယူရန်သဘောတူညီသဖြင့် အရောင်းအဝယ်ပြုလုပ်သော မြေကွက်၏ရောင်းဖိုးငွေများထဲမှ တစ်စိတ်တစ်ဒေသငွေကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မူယာ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မြတ်စုခိုင်(LL.B) အထက်တန်းရှေ့နေ (စဉ်–၅၁၂၇၄)**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း ၀၉–၇၅၇၁၁၄၁၈၃၊ ၀၉–၆၉၂၈၇၀၀၀၃**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၉၊ လူနေရပ်ကွက်အမှတ်–၂၊ မြို့ပတ်လမ်းသွယ်၊ မြေကွက်အမှတ်–၃၈၃၊ အကျယ်ပေ(၆၀x၆၀)ရှိ ဦးကင်းစိန် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင် ဦးမင်းသိန်း [၁၂/အစန(နိုင်)၁၀၃၁၅၀]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဝင့်ဝင့်စော [၁၄/မအန(နိုင်)၀၀၁၁၇၅]ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ခိုင်ဝင့်ဝင့်စော** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၄/မအန(နိုင်)၀၀၁၁၇၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂)** |
| **အမှတ်–၄/၄(က)၊ ဆရာထွန်းလမ်း၊** | **အမှတ်–၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| **(စမ်း/မြောက်)ရပ်ကွက်၊** | **ရွှေပြည်သာမြို့နယ်။** |
| **စမ်းချောင်းမြို့နယ်။** | **ဖုန်း– ၀၉–၅၁၈၉၆၈၉** |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးအောင်ဝင်း (နိုင်ငံသားအမှတ် [၁၄/မအပ (နိုင်)၁၄၁၂၅၃]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် (၃)ရပ်ကွက်၊ မဟာဘောဂလမ်း၊ အိမ်အမှတ် (၄) အဆောက်အဦရှိ (မှန်ခန်းမပါ) ဒုတိယအထပ် လေးလွှာ အလျား ခန့်မှန်း ၁၂ပေx ၄၅ပေ လူနေတိုက်ခန်းနှင့်တကွ ယင်းလူနေတိုက်ခန်းနှင့် ပတ်သက်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်လက်ရှိဖြစ်သူ ဒေါ်အေးမြသီတာလင်း (ဘ) ဦးဝေလင်း [၁၂/ပဘတ(နိုင်)၀၂၉၅၃၀]မှ အထက်အမည်ပါ ကျွန်ုပ်မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်းရောင်းချ လက်ရောက်ရယူ ဝယ်ယူရန်အတွက် ရောင်းရန်/ဝယ်ယူရန် သတ်မှတ်ကာလတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ဖော်ပြပါ လူနေတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင် ခံစားခွင့်ရှိသည်ဆိုပါလျှင် မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်ပေးသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးအောင်ဝင်း** | **ဦးအောင်မြင့်** |
| **[၁၄/မအပ(နိုင်)၁၄၁၂၅၃]** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၄၁၄၇/၁၉၈၇)** |
| | **(H.G.P, LL.B, D.B.L, D.M.L, D.I.L, D.APsy)** |
| | **ဒေါ်ပန်းအိခိုင်(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ် ၁၇၁၃၂/၂၀၂၁)** |
| | **အမှတ် (၂၁၃)၊ မဟာဘောဂ(၁)လမ်း၊ (၃)ရပ်ကွက်၊** |
| | **ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ။** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၂)လမ်း၊ မြေကွက်အမှတ် (၃၇၉–က/ခ/ဂ)နေ ဦးပု(ခ)ဦးထွေးကြည် [၁၂/သကတ(နိုင်)၁၀၆၂၁၆] ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်–

အထက်ဖော်ပြပါလိပ်စာရှိ အကျယ်အဝန်း (၄၀ပေx၆၀ပေ)နှစ်(၆၀) မူရင်းဂရန်သည် ဒေါ်ချင်းမနှင့် ဒေါ်စန်းမြင့် ပူးတွဲအမည်ပေါက်ဖြစ်ကြပါသည်။ ဒေါ်စန်းမြင့် မြေကွက်သည် မြောက်ဘက်အခြမ်းရှိ (၁၃ပေ ၄လက်မx ၆၀ပေ) ပိုင်ဆိုင်ခဲ့ပြီး၊ ကျွန်ုပ်မိတ်ဆွေ၏မိဘများဖြစ်သည့် ကွယ်လွန်သူ (ဦးစု+ဒေါ်ချင်းမ) တို့မှ တောင်ဘက်ခြမ်းရှိ (အလျား ၂၆ပေ ၈လက်မx အနံ ၆၀ပေ) ပိုင်ဆိုင်ခဲ့ပါသည်။ နှစ်(၆၀) မြေငှားဂရန်မူရင်းသည် မိခင် ဒေါ်ချင်းမမှ ခေတ္တထိန်းသိမ်းပေးခဲ့ပြီး၊ မိခင် ကွယ်လွန်သည့်အခါ အစ်ကိုဖြစ်သူ ဦးထွန်းခင်(ကွယ်လွန်) လက်ဝယ်သို့ ဂရန်မူရင်းနှင့်အတူ ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား အပ်နှံထားခဲ့ပါသည်။ (ဦးထွန်းခင်)မှာ ကွယ်လွန်သွားသဖြင့် အဆိုပါ ဂရန်နှင့်စာရွက်စာတမ်းများသည် ၎င်း၏ဇနီး ဒေါ် စန်းမြင့်လက်ဝယ်တွင်ရှိနေကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။ အဆိုပါ တောင်ဘက်ခြမ်းရှိ (အလျား ၂၆ပေ ၈လက်မx အနံ ၆၀ပေ)သည် မိသားစုအမွေဆိုင်ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီမှုမရဘဲ နှစ်ဦးပူးတွဲအမည်ပေါက် ဂရန်မူရင်းဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ်ထားရှိခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းအပ်နှံခြင်းမပြုရန်နှင့် ထိုသို့ကြေညာထားပါလျက် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပု(ခ) ဦးထွေးကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စန်းစန်းဝင်း [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၂၉၈၆)**
**တိုက်–၁/အေ၊ အခန်း(၁၀၄)၊ ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၅၉၉၈၂**

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃာဂီရိရပ်၊ အကွက်(၁၄၅)၊ အမှတ်(၁၂၇)၊ ၈၂ လမ်း၊ ၁၈x၁၉ အတွင်းနေ ဒေါ်အေးပြည့်ပြည့် [၁၃/နမတ (နိုင်)၀၃၆၄၆၄]၏ခင်ပွန်းဖြစ်သူ ဦးကျော်ကျော်ငြိမ်း(ခ)ဦးမင်းမင်းထွန်းသည် ဇနီးဖြစ်သူအား ကိုယ်၊ စိတ်ဆင်းရဲခြင်း အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သော အရှုပ်အရှင်းကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးပြည့်ပြည့် [၁၃/နမတ(နိုင်)၀၃၆၄၆၄]**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃာဂီရိရပ်၊ အကွက်(၁၄၅)၊ အမှတ်(၁၂၇)၊ ၈၂ လမ်း၊ ၁၈x၁၉ အတွင်းနေ ဦးကျော်မြင့်သိန်း [၉/မနမ(နိုင်) ၀၄၅၁၈၁]၊ ဒေါ်ဌေးဌေး [၉/မနမ(နိုင်)၀၄၅၁၈၂]တို့၏ သားဖြစ်သူ မောင်ကျော်ကျော်ငြိမ်း(ခ)မောင်မင်းမင်းထွန်းသည် မိဘများစိတ်ဆင်းရဲအောင်ပြုမူသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော အရှုပ်အရှင်း ကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးကျော်မြင့်သိန်း** | **ဒေါ်ဌေးဌေး** |
| **[၉/မနမ(နိုင်)၀၄၅၁၈၁]** | **[၉/မနမ(နိုင်)၀၄၅၁၈၂]** |

## အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာ၊ အမှတ်(၁)ရပ်ကွက်တွင် နေထိုင်သည့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဝင်း (ဘ) ဦးဘပု [၇/ပခန(နိုင်)၄၈၅၄၁၉] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဒေါ်ဌေးဝင်းသည် ဦးမျိုးဝင်း (ဘ) ဦးမောင်အေး [၁၂/သဃက (နိုင်)၁၅၈၇၁၀] ကိုင်ဆောင်သည့် အမှတ်(၂၄၉)၊ (၈)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူအား (၁၈–၁၁–၂၀၂၀)ရက်တွင် ပဲခူးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာ ၂၀၂၀ခုနှစ်၊ စာချုပ်အမှတ်– ၂၆၂/VI/အထွေထွေ (၂၃–၁၁–၂၀၂၀)ကို ပေးအပ်ခဲ့ပါသည်။ ၎င်းအထွေထွေကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါသဖြင့် နောက်နောင် ဒေါ်ဌေးဝင်းနှင့် မည်သို့မျှ ပတ်သက်ဆက်စပ်မှုမရှိတော့ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ဌေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၈၆၃)**
**အမှတ်(၇၆၇)၊ အောင်တံခွန်လမ်း၊ (၅၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၆၀၁၈၆၃၁၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ် (၂၈၀)၊ မြေကွက်တည်နေရာအမှတ်– ၂၈၀၊ ချမ်းမြေ့သာယာ (၂)လမ်း၊ ၃၂–ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (ဦးသန်းကြည် – I/MAG-၀၀၂၄၉၇) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား မြေအမည်ပေါက် (ခင်ပွန်း) ဦးသန်းကြည် ကွယ်လွန်သဖြင့် (ဇနီး) ဒေါ်လှမြ [၁၂/လမန (နိုင်)၀၀၉၁၀၃]မှ တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်းနှင့် တရားဝင် အမွေဆက်ခံခွင့်ရှိကြောင်း၊ အခြား အမွေဆိုင် အမွေစားအမွေခံလည်း မရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ခင်ပွန်း) ဦးသန်းကြည်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

**သွေးသည် အသက်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ မာလာလမ်း၊ အမှတ်(၁၀/က) ဟု ခေါ်တွင်သော အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ခန့်ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ဒေါ်စန်းစန်းနွဲ့ [၁၂/ဥကတ(နိုင်)၀၁၆၈၂၃]ထံမှ အထက်ပါပစ္စည်းများကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဥမ္မာထွန်း [၁၁/ကဖန(နိုင်)၀၅၁၈၃၃]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ (စရန်ငွေ)ကို ပေးချေထားပြီးဖြစ်ပါ၍ ထိုသို့အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဦးချမ်းမြေ့လင်း (LL.B)တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၀၉၄)**
**ဦးဝင်းဆွေ (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၁၂)**
**ဦးသန့်ဇော်လွင် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၂၃)**
**အမှတ်(A/၁၂)၊ ပထမထပ်၊ ၁၆၂–လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၅၀၀၂၅၈၂၇**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်– ၁၂၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ်– ၈၀၄(ခ)၊ အကျယ်အဝန်း (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်အုတ်ညှပ်(၂)ထပ်လုံးချင်း လူနေအိမ်(၁)လုံး၊ ရေနှင့်လျှပ်စစ်မီးမီတာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခြင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ရန်ကုန်မြို့)မြေစာရင်းတွင် ဒေါ်လှ [၁၂/ဥကတ(နိုင်)၁၁၄၄၂၈] အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် လူနေ(၂)ထပ်အိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဝင်းဝင်းမြင့်[၁၂/ဥကမ(နိုင်)၁၂၇၆၀၄]မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သူဇာဦး [၁၂/မရက(နိုင်)၁၃၅၀၇၂]မှ ဝယ်ယူရန် သဘောတူညီသဖြင့် အရောင်းအဝယ်ပြုလုပ်သော အိမ်နှင့်မြေကွက်၏ ရောင်းဖိုးငွေများထဲမှ တစ်စိတ်တစ်ဒေသငွေကိုပေးအပ်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူဇာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြူကြူမာ(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၉၇၃)**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉– ၂၅၀၁၆၁၈၉၈၊ ၀၉–၄၃၁၁၇၇၃၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာလမ်းသွယ်(၄)လမ်း၊ အမှတ်–၅၂၂/ဒီ၊ မြေတိုင်းရပ်ကွက်အမှတ်– ၇/ဘီ၊ (နံ့သာကုန်း) မြေကွက်အမှတ်– ၁၃/င–၄၊ ဧရိယာ–၀.၀၆၃ဧကရှိမြေပိုင်မြေ အိမ်ရာကွက်အမှတ်–၅၁ ထဲမှ တရားဝင် မခွဲမစိတ်ရသေးသော (အလျား၂၀ပေxအနံ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြတ်သူဇာ [၁၂/အစန(နိုင်) ၀၃၀၄၃၀] (HLG–၀၀၁၁၀၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညဏ်မြင့် [၁၄/ပသန(နိုင်)၁၉၅၃၂၉] ကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာကြည်မွန် (LL.B,D.I.L,WIPO)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၆၉၉)**
**အမှတ်–၂၃၂၊ (၈)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်။ ဖုန်း 09– 420187700**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်(၉)လမ်း၊ အေးရိပ်မွန်အိမ်ရာ အဆောက်အအုံအမှတ်–၅၊ အခန်းအမှတ်– ၃၀၈၊ တတိယထပ်၊ အလျား ၂၅ပေx အနံ ၃၅ ပေရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးတင်ဦး အမည်ပေါက် တိုက်ခန်းနှင့် ထိုတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးစိုးဝင်း [၁၁/စတန(နိုင်)၀၀၉၅၀၄]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဆွေ [၁၂/လမန(နိုင်)၀၉၂၂၆၃]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းရည်ဌေး LL.B,D.B.L.,D.A(Psy)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၄၉၄/၂၀၁၃)**
**အမှတ်– ၅၈ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း– ၀၉–၄၂၁၀၃၉၅၅၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉)၊ အောင်တံခွန်လမ်း၊ မြေကွက်အမှတ် (၂၃၇)၊ မြေအကျယ်အဝန်း (၄၆/၄၃ပေx၆၀ပေ)၊ ဧရိယာ (၀.၀၆၁)ဧက၊ (၂၆၇၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးခင်မောင်(ခ) ဦးကိုကိုအောင် (AF– ၀၇၀၉၇၄)**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်မှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတည်းသောတရားဝင်ဇနီး **ဒေါ်စန်းစန်းမြင့် [၁၂/သဃက(နိုင်) ၁၁၄၉၄၆]**မှ **"အမွေဆက်ခံပိုင်ဆိုင်ထားပြီး"** ဖြစ်သဖြင့် မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်စီးပွားရေး တစ်နည်းအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လို...**

❖ **ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ဝယ်လိုအား တက်လာမည်ဖြစ်...**

❖ **ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကာ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...**

❖ **MSME လုပ်ငန်းများကို ပြည်တွင်းစီးပွားရေးကို အားပေးရန်၊ ပြည်ပသွင်းကုန် အစားထိုးရန်နှင့် ပြည်ပပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေးအတွက် အားပေးဆောင်ရွက်နေခြင်းဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်သော ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## လူ့အခွင့်အရေးအကြောင်းပြ၍ မြန်မာနိုင်ငံအပေါ်ထားရှိသောယန္တရားများ၏ ချို့ယွင်းချက်များကို ထောက်ပြခြင်း

ဂျီနီဗာမြို့တွင် ၁၉-၆-၂၀၂၃ ရက်မှ ၁၄-၇-၂၀၂၃ ရက်အထိ ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ (၅၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာ အစည်းအဝေးများကို သက်ဆိုင်ရာနိုင်ငံမပါဘဲ ကျင်းပခဲ့ပြီး ယင်းမှာ ကောင်စီ၏ မူဝါဒများနှင့် ရည်ရွယ်ချက်တို့နှင့် သွေဖည်လျက်ရှိသည်။

အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအိုင်စီ)က တင်သွင်းခဲ့သော ဆုံးဖြတ်ချက်အဆိုအရ ဆွေးနွေးပွဲတစ်ရပ်ကို ၂၁-၆-၂၀၂၃ ရက်တွင် ကျင်းပခဲ့သည်။ ဥရောပသမဂ္ဂ(အီးယူ)က တင်သွင်းခဲ့သော ဆုံးဖြတ်ချက်အဆိုအရ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့နှင့် အပြန်အလှန်ဆွေးနွေးပွဲများကို ၆-၇-၂၀၂၃ ရက်တွင် ကျင်းပခဲ့သည်။ ထို့ပြင် အိုအိုင်စီကိုယ်စား ပါကစ္စတန်နိုင်ငံမှ စာရွက်စာတမ်းအမှတ်၊ A/HRC/53/L.30/Rev.1 ဖြင့် တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုကို ၁၄-၇-၂၀၂၃ ရက်တွင်ကောင်စီက အတည်ပြုချမှတ်ခဲ့သည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ■

## (၅၆)ကြိမ်မြောက်အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင်ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်တွင် မြန်မာနိုင်ငံကိစ္စနှင့်ပတ်သက်၍ ဖော်ပြချက်အချို့သည် အာဆီယံပဋိညာဉ်ပါမူကြီးများနှင့် ကိုက်ညီခြင်းမရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လက်မခံ ကန့်ကွက်

အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ၁၁-၇-၂၀၂၃ ရက်တွင် ပြုလုပ်ခဲ့သည့် (၅၆) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်တွင် မြန်မာနိုင်ငံကိစ္စနှင့်ပတ်သက်၍ တစ်ဖက်သတ် မမျှမတဖော်ပြထားသည့် အချက်အလက်အချို့အတွက် စိတ်ပျက်မိကြောင်း မြန်မာအစိုးရကိုယ်စား ဖော်ပြအပ်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

## (၁၁)ကြိမ်မြောက် U12 Junior Soccer World Challenge 2023 ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၂ ကစားသမား ရွေးချယ်ပွဲ(ရန်ကုန်ဇုန်)ကျင်းပ



ရန်ကုန် ဇူလိုင် ၁၄

ဂျပန်နိုင်ငံ ချီဘားမြို့၌ ဩဂုတ် ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် (၁၁)ကြိမ်မြောက် U12 Junior Soccer World Challenge 2023 ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၂ ကစားသမားရွေးချယ်ပွဲ(ရန်ကုန်ဇုန်) ပထမနေ့ကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လာရောက်ရွေးချယ်ခံသည့် ကစားသမားများနှင့် မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ရန်ကုန်ဇုန် လူရွေးပွဲကို ဒေသအသီးသီးမှ လူငယ်ကစားသမား ၁၅၀ ကျော် လာရောက်ရွေးချယ်ခံခဲ့ပြီး အသင်းခြောက်သင်းခွဲကာ လူရွေးပွဲများ ယှဉ်ပြိုင်ကစားစေခြင်းဖြစ်သည်။ **စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ○

### ယနေ့ ဖတ်စရာ

**အတ္တပရ၊ မျှမျှတတ ရောင်းဝယ်ဖောက်ကားကြစို့လား**
ဆောင်းပါး စာမျက်နှာ » ၉

**စစ်တွေမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် ကွင်းဆင်းဆောင်ရွက်**
စာမျက်နှာ » ၁၀

**စားလိုလျှင် အပင်ပျိုးကြမှ**
ဆောင်းပါး စာမျက်နှာ » ၁၁